ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ သီတင်းကျွတ်လပြည့်ကျော် (၁၃)ရက် ၊ တနင်္ဂနွေနေ့ ၊ (8-11-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၉၂)

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်

အင်းစိန်မြို့နယ်ရှိ ရန်ကုန်နည်းပညာတက္ကသိုလ်(YTU)၊ လှိုင်သာယာမြို့နယ်၊ ရွှေပြည်သာမြို့နယ်တို့အတွင်း မြို့ပြဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ထားရှိမှုအခြေအနေများ လှည့်လည်ကြည့်ရှုစစ်ဆေး



နေပြည်တော် နိုဝင်ဘာ ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန ရန်ကုန်နည်းပညာတက္ကသိုလ်(YTU)နှင့်

စာမျက်နှာ ၁၆ ကော်လံ ၁

ကြည့်ရှုစစ်ဆေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရန်ကုန်နည်းပညာတက္ကသိုလ်(YTU)ရှိ Myanmar Japan Technological Development Centre – 2 အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

ရတနာပုံ ယနေ့ဗတ်စရာ

ဒုတိယသမ္မတ ဦးညီစော နေပြည်တော်အတွင်း ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဝန်ထမ်းအိမ်ရာများ ပြန်လည် ပြုပြင်ပြီးစီးမှုအခြေအနေနှင့် ဝန်ထမ်းအိမ်ရာသစ်များ ဆောက်လုပ်ပြီးစီးမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး

စာမျက်နှာ - ၁၆

လေကြောင်းပို့ဆောင်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနေသည့် အပေါ့စားသယ်ယူပို့ဆောင်ရေး လေယာဉ်များ၏ အခန်းကဏ္ဍ

ဆောင်းပါး

စာမျက်နှာ - ၁၀

တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ပျဉ်းမနားမြို့နယ်ရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်အထက်တန်းကျောင်းနှင့် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့မှ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ သွားရောက်လေ့လာ

နေပြည်တော် နိုဝင်ဘာ ၇

သမိုင်းစဉ်ကာလတစ်လျှောက်တွင် နိုင်ငံ့ဂုဏ်တင့်စေရန် အားထုတ်ကြိုးပမ်းမြှင့်တင်ပေးခဲ့ကြသည့် ရှေးမြန်မာမင်းများ၊ခေတ်အဆက်ဆက်ပေါ်ထွန်းခဲ့ကြသည့်သူရဲကောင်းများ၊ သူ့ကျွန်မခံတွန်းလှန်ခဲ့ကြသည့်

စာမျက်နှာ ၂၅ ကော်လံ ၁

ပျဉ်းမနားမြို့နယ်ရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်အထက်တန်းကျောင်း၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့မှ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ဆရာမများ တပ်မတော်(လေ)ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော ခေတ်အဆက်ဆက် အသုံးပြခဲ့သည့် တပ်မတော်လေယာဉ်များကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြစဉ်။



မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းတို့ ဖြစ်ပေါ်နိုင်

၇-၁၁-၂၀၂၆

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊မန္တလေးတိုင်းဒေသကြီး၊ပဲခူးတိုင်းဒေသကြီး၊မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွှေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုအပ်ပါသည်။ (မိုး/၈လ)

ရတနာပုံ
၂၀၂၆ ခုနှစ် နိုဝင်ဘာ ၈ ရက်
အယ်ဒီတာ့အာဘော်

အပူချိန်မြင့်မားမှုနှင့် ရေရှားပါးမှုအန္တရာယ် အသိတရားဖြင့် စုပေါင်းကာကွယ်

ကမ္ဘာကြီးကို လေ့လာကြည့်ပါက မြေပြင်ထက် ရေပြင်က ပိုမို၍များပြားသည်။ ကမ္ဘာပေါ်ရှိ ရေများ၏ ၉၇ ရာခိုင်နှုန်းမှာ ဆားငန်ရေများဖြစ်ကြပြီး သောက်သုံး၍မရနိုင်ပေ။ ကျန်ရေချိုပမာဏ သုံးရာခိုင်နှုန်းတွင် နှစ်ရာခိုင်နှုန်းမှာလည်း ရေခဲဖြင့်ဖုံးအုပ်ထားခြင်းကြောင့် လူသားတို့မသုံးစွဲနိုင်ကြပေ။ ထို့ကြောင့် လူတို့အတွက်အမှန်တကယ်သုံးစွဲနိုင်သော ရေချိုပမာဏမှာ တစ်ရာခိုင်နှုန်းမျှသာဖြစ်သည်။ ရာခိုင်နှုန်းအားဖြင့် အလွန်နည်းပါးသော်လည်း အဆိုပါရေများက ဂါလန်အားဖြင့် အမြောက်အမြားဖြစ်နေသဖြင့် ကမ္ဘာလူသားတို့ နေ့စဉ်သုံးစွဲနေနိုင်ခြင်းဖြစ်သည်။

ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်နှင့် နိုင်ငံတကာရာသီဥတုဗဟိုဌာနများ၏ ထုတ်ပြန်ချက်များကို အခြေခံ၍ ခန့်မှန်းသုံးသပ်ချက်များအရ အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ၏ ပင်လယ်ရေမျက်နှာပြင် အပူချိန်မှာ ပုံမှန်အပူချိန်အထက်သို့ ၂ ဒသမ ၅ ဒီဂရီဆဲလ်စီယပ်မှ ၂ ဒသမ ၈ ဒီဂရီဆဲလ်စီယပ်ထိပိုနေပြီး လေထုဖြစ်စဉ်များမှာ အားအလွန်ကောင်းသော အယ်လ်နီညိုအခြေအနေတွင် ဆက်လက်တည်ရှိနေသည်။ ၂၀၂၆ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့တွင် အယ်လ်နီညို အမြင့်ဆုံးအခြေအနေသို့ ရောက်နိုင်သည်ဟု ခန့်မှန်းထားရသည်။

အဆိုပါ အယ်လ်နီညိုဖြစ်စဉ်ကြောင့် လာမည့်ဆောင်းရာသီနှင့် နွေရာသီကာလများ၌ အပူချိန်မြင့်မားခြင်းနှင့် ရေရှားပါးမှုများ ဖြစ်ပေါ်လာနိုင်ပြီး မြစ်ချောင်း၊ အင်းအိုင်၊ ရေတွင်း၊ ရေကန်များတွင် ရေနည်းပါးနိုင်ခြင်း၊ သောက်သုံးရေနှင့် စိုက်ပျိုးရေပြတ်လပ်ခြင်း၊ ရေမလုံလောက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်း၊ အပူလျှပ်ခြင်း၊ ရေဓာတ်ခန်းခြောက်ခြင်း၊ ရေရှားပါးမှုမှတစ်ဆင့် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ခြင်း၊ ရေလျှောင်တမံများတွင် ရေဝင်နည်းပါးမှုကြောင့် ရေအားလျှပ်စစ်ထုတ်လုပ်မှု လျော့နည်းသွားနိုင်၍ လျှပ်စစ်ဓာတ်အားလိုအပ်ချက် မြင့်မားလာခြင်းတို့ ဖြစ်ပေါ်လာနိုင်သဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ရန် မိုးလေဝသနှင့်ဧလဗေဒညွှန်ကြားမှု ဦးစီးဌာနက အကြံပြုထားသည်။

နိုင်ငံတော်အစိုးရအနေဖြင့် မိမိနိုင်ငံသူ၊ နိုင်ငံသားများ သိရှိစေရန်နှင့် ကြိုတင်ပြင်ဆင်နိုင်ရန် အသိပေးနှိုးဆော်ချက်များကို အကြံပြုထုတ်ပြန်ပေးထားသည်။ အပူချိန်မြင့်မားခြင်းနှင့် ရေရှားပါးမှုဖြစ်ပေါ်ခြင်းသည် လူသားတို့ကို ကြီးမားသောအခက်အခဲ ကြုံတွေ့စေနိုင်သည်။ ထို့ကြောင့် မိမိတို့နေထိုင်သည့် နေအိမ်တိုက်တာ၊ ရုံးအဆောက်အအုံများရှိ ရေပိုက်ခေါင်းများ၊ ရေစည်ပိုင်းများ ကျိုးပျက်ယိုစိမ့်နေခြင်းရှိ၊ မရှိ ပုံမှန်စစ်ဆေးပြီး ပျက်စီးမှုရှိပါက အမြန်ပြုပြင်ခြင်း၊ ရေချိုးချိန်နှင့် နေ့စဉ်ရေသုံးစွဲမှုတွင် ရေကို စနစ်တကျချွေတာသုံးစွဲခြင်း၊ သွားတိုက်နေစဉ်၊ မျက်နှာသစ်နေစဉ်နှင့် ပန်းကန်များဆေးကြောနေစဉ်အတွင်း ရေပိုက်ခေါင်းပိတ်ထားခြင်း၊ အဝတ်အစားများကိုစုပေါင်း၍ တစ်ခါတည်းလျှော်ခြင်း၊ ပန်းကန်များကို စုပေါင်း၍ဆေးကြောခြင်း စသည့်နည်းလမ်းများဖြင့် အဖိုးတန်ရေချိုလေလွင့်မှုမရှိစေရန် စနစ်တကျ သုံးစွဲရမည်ဖြစ်သည်။

အဓိကအားဖြင့် ရေကိုအကျိုးရှိစွာသုံးစွဲနိုင်ရေး နည်းလမ်းများ ရှာဖွေဆောင်ရွက်သွားရန် လိုအပ်ပေသည်။ သစ်ပင်များကို စနစ်တကျ စိုက်ပျိုးထိန်းသိမ်းခြင်းသည် သဘာဝအတိုင်း ရေကိုစုဆောင်းသိုလှောင်ပြီး ချွေတာရာရောက်သည့်အတွက် သစ်ပင်များကို စနစ်တကျ စိုက်ပျိုးထိန်းသိမ်းရန် လိုသည်။ မလွန်ဆန်နိုင်သည့်သဘာဝတရားကို ကျော်ဖြတ်ရန်အတွက် ရေကိုစနစ်တကျသိုလှောင်ခြင်း၊ စနစ်တကျသုံးစွဲခြင်းတို့ကို ဆောင်ရွက်ကြရမည်ဖြစ်သည်။ သောက်သုံးရေသည် အဖိုးတန် သယံဇာတတစ်ခုဖြစ်ရာ အယ်လ်နီညိုကာလ၌သာမက မည်သည့်အချိန်အခါတွင်မဆို အလေအလွင့်မဖြစ်စေဘဲ တန်ဖိုးထား၍ စနစ်တကျ ချွေတာသုံးစွဲကြရပါမည်ဖြစ်ပါကြောင်း တိုက်တွန်းနှိုးဆော်ရေးသားလိုက်ရပေသည်။

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် နေပြည်တော်သို့ လေ့လာရေးသွားရောက်ကြသူများကို ပို့ဆောင်နှုတ်ဆက်



မန္တလေး နိုဝင်ဘာ ၇

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကိုဖူးမြော်ခြင်းနှင့် တပ်မတော်စစ်သမိုင်းပြတိုက်နှင့် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်သို့ လေ့လာရေး သွားရောက်ကြသည့် မန္တလေး မြို့နယ် ငါးမြို့နယ်ရှိ အခြေခံပညာ အထက်တန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများနှင့် အုပ်ချုပ်သူများကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးတွင် ပို့ဆောင် နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ပို့ဆောင်နှုတ်ဆက်စဉ် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က ဘုရားဖူးမြော်ခြင်းနှင့် လေ့လာရေးခရီးစဉ်အဖြစ် ပို့ဆောင်ပေးရခြင်း ရည်ရွယ်ချက်များကိုပြောကြားပြီး တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားသည်။

အဆိုပါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဖူးမြော်ခြင်းနှင့် လေ့လာရေး သွားရောက်ရာတွင် အောင်မြေသာစံ၊ ချမ်းအေးသာစံ၊ မဟာအောင်မြေ၊ ချမ်းမြသာစည်နှင့် ပြည်ကြီးတံခွန်မြို့နယ်ရှိ အခြေခံ ပညာအထက်တန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ဦးရေ၂၀၀၊ အုပ်ချုပ်သူ ၁၄ ဦးလိုက်ပါပြီး မန္တလေးမြို့မှ နေပြည်တော်သို့ ယနေ့နံနက် ၄ နာရီတွင် မော်တော်ယာဉ်များဖြင့် ထွက်ခွာသွားခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ကဏန်းပျော့ ပိသာချိန် ၅၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



ဒေးဒရဲ နိုဝင်ဘာ ၇

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ကဏန်းပျော့ ပိသာချိန် ၅၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဒေးဒရဲမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးမြတ်က ပြောပြ၍ သိရသည်။

ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ကဏန်းပျော့ ပိသာချိန် ၅၂၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလအတွင်း ကဏန်းပျော့ ပိသာချိန် ၅၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ကဏန်းပျော့တွေကို ရန်ကုန်ဈေးကွက်က အရင်ကထက် ပိုမို ဝယ်ယူနေပါတယ်။ ပြီးခဲ့တဲ့ အောက်တိုဘာလအတွင်း ရန်ကုန်ဈေးကွက်ကို ကဏန်းပျော့ပိသာချိန် ၅၆၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီဒေသက ထွက်ရှိတဲ့ ကဏန်းပျော့တွေ ရန်ကုန်ဈေးကွက်ကိုပဲ အဓိကထား တင်ပို့ရောင်းချနေပါတယ်"ဟု ဒေးဒရဲမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးမြတ်က ပြောပြသည်။

ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချသည့် ကဏန်းပျော့ တစ်ပိသာလျှင် ငွေကျပ် ၂၅၀၀၀ မှ ၃၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ကဏန်းများ တင်ပို့ရောင်းချနေရသဖြင့် ရေလုပ်သားများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ယာဉ်အင်္ဂါးလိုက်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

ဝမ်းတွင်းမြို့နယ် ရွာသစ်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်နေမှု စစ်ဆေး

ဝမ်းတွင်း နိုဝင်ဘာ ၇

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ရွာသစ်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို နိုဝင်ဘာ ၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိတ္ထီလာခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်၊ ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် တာဝန်ခံအင်ဂျင်နီယာများက ရွာသစ်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

အဆိုပါကျေးရွာ၌ အရှည် ပေ ၁၁၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း လမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေ ကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၅၁ ဒသမ ၉၆ သန်း အသုံးပြု၍ ဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် နိုဝင်ဘာလပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **အောင်ရဲကျော်**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၈၅၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

တံတားဦးမြို့နယ် အုတ်ကျွတ်ဖိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

တံတားဦး နိုဝင်ဘာ ၇

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အုတ်ကျွတ်ဖိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို နိုဝင်ဘာ ၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တံတားဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနခရိုင်ဦးစီးမှူး ဒေါ်ခင်မာစန်း၊ ခရိုင်၊ မြို့နယ် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယား ပုံစံများပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကျေးရွာ၌ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ၂၆ ဦးကို ငွေကျပ် ရှစ်သန်း၊ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ ၁၀၄ ဦးကို ငွေကျပ် ၃၉ ဒသမ ၆ သန်း၊ အခြား လုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် သုည ဒသမ ၆ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၃၃ ဦးကို ရန်ပုံငွေကျပ် ၄၈ ဒသမ၂သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း တံတားဦးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မာစန်းက ပြောပြ၍ သိရသည်။

အောင်ရဲကျော်

စဉ့်ကိုင်မြို့နယ် အ-ထ-က(ဟင်းငူ)၌ စာဖတ်ရှုန်မြှင့်တင်ရေးလူငယ်စကားဝိုင်း ကျင်းပ

စဉ့်ကိုင် နိုဝင်ဘာ ၇

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အ-ထ-က(ဟင်းငူ)တို့ ပူးပေါင်း၍ စာဖတ်ရှုန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကို နိုဝင်ဘာ ၆ ရက် နံနက် ၁၀ နာရီက အဆိုပါ ကျောင်းခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လူငယ်စကားဝိုင်းတွင် အ-ထ-က (ဟင်းငူ) ကျောင်းအုပ်ဆရာကြီးဦးဝင်းဗိုလ်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဝင်းဝင်းသန်းက ကျောင်းသား၊ ကျောင်းသူများ အနေဖြင့် ပြင်ပစာပေဗဟုသုတများကို လေ့လာဖတ်ရှုတတ်စေရန်၊ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ လူငယ်စကားဝိုင်းကို ကျင်းပခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်ဝင်းဝင်းသန်းက ဦးဆောင်ဆွေးနွေးခဲ့ပြီး Grade-9ကျောင်းသူ မသန္တာမြင့်မိုရ်က လူငယ်နှင့် စာဖတ်ခြင်း၊ Grade-9 ကျောင်းသူ မစန်းပြည့်ဖြိုးက လူငယ်နှင့် လူကုန်ကူးမှုအန္တရာယ် တားဆီးရေး၊ Grade-9 ကျောင်းသား မောင်ရဲရင့်အောင်က လူငယ်နှင့် စာတတ်မြောက်ရေး၊ Grade-10ကျောင်းသား မောင်ပိုင်ဟိန်းခန့်က လူငယ်နှင့် ကျေးလက်ယဉ်ကျေးမှုစသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ကျော်စွာ(စဉ့်ကိုင်)

မိတ္ထီလာမြို့နယ် မင်းတဲကုန်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

မိတ္ထီလာ နိုဝင်ဘာ ၇

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မင်းတဲကုန်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှုကို နိုဝင်ဘာ ၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်နှင့် တာဝန်ရှိသူများက လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ မင်းတဲကုန်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ မှာကြားခဲ့သည်။

မင်းတဲကုန်းကျေးရွာ၌ လမ်းအရှည် ၄ ဒသမ ၀၉၁ ဖာလုံ၊ အကျယ် ၁၄ ပေ သုံးလက်မ၊ အမြင့် နှစ်ပေကိုးလက်မ မြေသားတင်ချင်းခင်းခြင်းနှင့် ၎င်းလမ်း ပေါ်တွင် အရှည် ၁၈ ပေ၊ အကျယ် သုံးပေ၊ အမြင့် သုံးပေ Slab Culvert တစ်စင်း တည်ဆောက်ခြင်း လုပ်ငန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၇၁ ဒသမ ၉၂ သန်းဖြင့် ဌာနကတာဝန်ယူ၍ ယခုနှစ် ဇူလိုင်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၇၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ဆက်လူ

ကလေးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၅၂၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ကလေး နိုဝင်ဘာ ၇

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၅၂၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၉၂၀၆ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၅၂၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကလေးမြို့နယ်မှာ ပဲတီစိမ်း ဧက ၉၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းတွေ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပဲတီစိမ်းတွေ စိုက်ပျိုးရာမှာလဲ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါ ကာကွယ်ရေးနည်းလမ်းတွေကို မြေပြင်ကွင်းဆင်း ဆောင်ရွက်ပေးနေပါတယ်"ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မာန်အွေက ပြောပြသည်။

ကလေးမြို့နယ်တွင် ပဲတီစိမ်း စိုက်ပျိုးသည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့်မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မာန်အွေက ပြောပြ၍ သိရသည်။

(၂၀၆)

သာပေါင်းမြို့နယ်တွင် ဒေသထွက် ပခန်းဆန်များ အရောင်းအဝယ်ကောင်းမွန်နေ

သာပေါင်း နိုဝင်ဘာ ၇

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်တွင် ဒေသထွက် ပခန်းဆန်များ အရောင်းအဝယ် ကောင်းမွန်နေကြောင်း သာပေါင်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇောဝင်းက ပြောပြ၍ သိရသည်။

သာပေါင်းမြို့နယ်တွင် ယခုနှစ် နိုဝင်ဘာ ၁ ရက်မှစတင်ပြီး ယနေ့ထိ ဒေသထွက် ပခန်းဆန်များ အဝယ်လိုက်လာကာ အရောင်းအဝယ် ကောင်းမွန်လျက်ရှိကြောင်း၊ အဆိုပါ ပခန်းဆန်များ တစ်ရက်လျှင် ၂၄ ပြည်ဝင်အိတ်ရေ ၇၀၀ ထိ အရောင်းအဝယ် ဖြစ်နေကြောင်း သိရသည်။

"ပခန်းဆန်က အခြားဆန်တွေထက် တော်တော်လေး အရောင်းအဝယ်ဖြစ်လာပါတယ်။ ပြည်တွင်းစားသုံးမှုကောင်းလာတာကြောင့် အခုလို အရောင်းအဝယ် ကောင်းလာတာပါ။ လက်ရှိ အရောင်းအဝယ်လုပ်နေတဲ့ ပခန်းဆန်တွေက လက်ကျန်ဆန်အဟောင်းတွေပါ။ အရောင်းအဝယ်ကောင်းလာတော့ ဆန်စပါးလုပ်ငန်းနဲ့ဆက်စပ်သူတွေ အလုပ်အကိုင်အခွင့်အလမ်းရရှိလာတာကို တွေ့ရပါတယ်။ လက်ရှိ ဒေသထွက်ဆန်တွေကို ဒေသစျေးကွက်အပြင် ရန်ကုန်စျေးကွက်ကပါ ဝယ်ယူမှုကောင်းနေပါတယ်"ဟု သာပေါင်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇောဝင်းထံမှ သိရသည်။

သာပေါင်းမြို့နယ်တွင် ပခန်းဆန်များအပါအဝင် အခြားဆန်များကို စနစ်တကျသန့်စင်ပြီး ဝယ်ယူသည့် ဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ပခန်းဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၅၀၀၀ ထိ ပေါက်စျေးရှိကြောင်း၊ အဆိုပါ ပခန်းဆန်များ အရောင်းအဝယ်ကောင်းလာသည့်အတွက် ပွဲရုံပိုင်ရှင်များ၊ စပါးစိုက်ပျိုးသူများ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိကာ အဆင်ပြေလျက်ရှိကြောင်း သာပေါင်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇော ဝင်းထံမှ သိရသည်။

ကျော်ကျော်လင်း



ယုံကြည်မှုဖြင့် စီးပွားရေးတည်ဆောက်ပါ

မျိုးသူ(ကုန်သွယ်မြှင့်)

စီးပွားရေးလုပ်ငန်းဆိုသည်မှာ အခြေခံအားဖြင့် အမြတ်အစွန်းရှိမှ အဆင်ပြေမည်။ အမြတ်အစွန်းကို ရသလောက် လိုချင်သည်မှာလည်း စီးပွားရေးလုပ်ငန်း ရှင်တိုင်း၏ ဆန္ဒဖြစ်မည်ထင်သည်။ သို့သော် ရတိုင်း မယူရန်လည်း ဆင်ခြင်တုံတရားက ဖျောင်းဖျတတ်သည်။ အမြတ်လိုချင်စိတ်နှင့်သင့်တင့် ရုံသာရယူရန်လည်း စိတ်တွင်းလွန်ဆွဲပွဲများဖြစ်တတ်သည်။ ထို အခြေအနေများကြားမှ စီးပွားရေးကို စိတ်ကောင်း စေတနာဖြင့် တည်ဆောက်လျှင် ရေရှည်တည်တံ့ခိုင်မြဲပြီးအောင်မြင်သည့် စီးပွားရေးလုပ်ငန်း ဖြစ်လာနိုင်သည်။ စိတ်ကောင်းစေတနာအပြင် စစ်မှန်မှု၊ ဖြောင့်မတ်တည်ကြည်မှုတို့ကို ထပ်ဆောင်းသင့်သည်။ ဖြောင့်မတ်တည်ကြည်မှု၊ စစ်မှန်မှုတို့သည် ခေါင်းဆောင်ကောင်းတို့၏ အရည်အချင်းများဖြစ်သည်ဟုဆိုကြသည်။ သို့သော် စီးပွားရေးလုပ်ငန်း များအတွက်လည်း အဆိုပါဖြောင့်မတ်တည်ကြည်မှု၊ စစ်မှန်မှုတို့ဖြင့် လုပ်ကိုင်လျှင် အောင်မြင်ကြီးပွားကြသည်သာဖြစ်သည်။

စီးပွားရေးပညာရှင် ဖီးလ်လစ်ကော့တလာ Philip Kotler ၏ခေတ်မီစျေးကွက်ဖော်ဆောင်မှု သီအိုရီများတွင် ဖောက်သည်ဗဟိုပြုစျေးကွက်ဖော်ဆောင်ခြင်း ဖြစ်ရန် အလေးပေးလေ့ရှိသည်။ ထို့ကြောင့် စစ်မှန်မှု၊ ဖြောင့်မတ်တည်ကြည်မှုနှင့် စိတ်ကောင်းစေတနာရှိမှု တို့ဖြင့်လုပ်ကိုင်လျှင် မည်သည့်လုပ်ငန်းမဆိုတိုးတက် အောင်မြင်နိုင်သည်။ ယနေ့ခေတ် စျေးကွက်ပြိုင်ဆိုင်မှုပြင်းထန်ချိန်တွင် ရေတိုအမြတ်အစွန်းတစ်ခုတည်းကိုသာကြည့်ပြီး စျေးကွက်လိမ်လည်ခြင်း၊ အရည်အသွေးညံ့များကို စျေးတင်ရောင်းခြင်း စသည့်တို့ကို လုပ်ကိုင်ပါက လုပ်ငန်းပျက်စီးရန်သာရှိသည်။ ပစ္စည်း ဝယ်ယူသူတိုင်းသည် ရောင်းချသူထံမှ ပစ္စည်းဝယ်ယူသည့်အခါတိုင်းတွင် ပစ္စည်း၏တန်ဖိုးအပြင် ရောင်းချသူထံတွင် စေတနာပါ၊ မပါကို အထူးဂရုပြုမိတတ်ကြသည်။ ကုန်ပစ္စည်းကိုပေးအပ်ချိန်တွင် စင်ကြယ်သည့်စေတနာနှင့် အကောင်းဆုံးကိုပေးသည်ဟု ဖောက်သည်က ခံစားမိသည်နှင့်တစ်ပြိုင်နက် အဆိုပါ ဖောက်သည်သည် သစ္စာရှိဖောက်သည်ဖြစ်လာသည့် အပြင် မိမိလုပ်ငန်းအတွက် အကောင်းဆုံးသော မိတ်ဆက်ကြော်ငြာသူလည်းဖြစ်လာသည်။

စိတ်ကောင်းစေတနာနှင့် စိတ်ရှည်သည်းခံမှု၊ ဖောက်သည်အပေါ်သစ္စာရှိမှု၊ ဖြောင့်မတ်တည်ကြည်မှုတို့သည် စီးပွားရေးလုပ်ငန်းများနှင့် တိုက်ရိုက်မသက်ဆိုင်သယောင်ဖြစ်နေသော်လည်း အမှန်မှာကား စီးပွားရေးလုပ်ငန်းများအတွက် အလွန်အရေးကြီးသော အရည်အသွေးများဖြစ်သည်။ စီးပွားရေးလုပ်ငန်းများသည် ဖောက်သည်များ၏ယုံကြည်မှုကို တည်ဆောက်နိုင်လျှင် လုပ်ငန်းကြီးပွားတိုးတက်အောင်မြင်သည်ဖြစ်သည့်အတိုင်း ယုံကြည်မှုရရှိရေးသည် လုပ်ငန်းအပေါ်နှင့် ဖောက်သည်များအပေါ် ထားသည့် စိတ်ကောင်းစေတနာ၊ ဖောက်သည်အပေါ် သစ္စာရှိမှုနှင့် ဖြောင့်မတ်တည်ကြည်မှုတို့အပေါ်တွင် များစွာတည်မှီနေသည်။

ယုံကြည်မှု

ယုံကြည်မှုဆိုသည်မှာ စီးပွားရေးလုပ်ငန်းတိုင်း၏အသက်သွေးကြောဖြစ်သည်။ ယုံကြည်မှုကို တည်ဆောက်ရာတွင် စိတ်ရင်းမှန်ခြင်းနှင့်ရိုးသားမှုရှိခြင်း၊ ရည်မှန်းချက်နှင့် စေတနာမှန်ကန်ခြင်း၊ စွမ်းဆောင်ရည်ရှိခြင်း၊ တည်ကြည်ဖြောင့်မတ်ခြင်းနှင့် ရလဒ်ကောင်းပြနိုင်ခြင်းတို့လိုအပ်သည်။ ယုံကြည်မှုဆိုသည်မှာ စီးပွားရေးလောက တစ်ခုလုံးတွင် အမြန်ဆန်ဆုံးနှင့် အဟန့်အတားအကင်းဆုံးအရာဖြစ်သည်။ ကုန်ကျစရိတ်ကို အနည်းဆုံးဖြစ်စေပြီး တန်ဖိုးကိုအမြင့်ဆုံးသို့ မြှင့်တင်ပေးနိုင်သောစွမ်းအားတစ်ခုဖြစ်သည်။ လုပ်ငန်းရှင်တစ်ယောက် အတွက် ဖောက်သည်၏ ယုံကြည်မှုတည်ဆောက်ရာတွင် စေတနာထားလုပ်ကိုင်မှုသည် အမြန်ဆုံးတည် ဆောက်နိုင်သည့် အဓိကအချက်ဖြစ်သည်။

သစ္စာရှိဖောက်သည်များ ပိုင်ဆိုင်ခြင်းသည် လုပ်ငန်းအတွက် အလွန်အရေးကြီးသည်။ ရေရှည် ဖောက်သည်များသည် တစ်ခါက သာမန်ဝယ်ယူသူ တစ်ဦးသာဖြစ်သော်လည်း လုပ်ငန်းရှင်၏စေတနာကြောင့် ရေရှည်သစ္စာရှိဖောက်သည်များဖြစ်လာသည်။ တစ်ခါလာပြီး ပျောက်သွားသော ဝယ်ယူသူများ မဖြစ်ရေးသည် စေတနာအရင်းခံဖြင့် ရောင်းချပေးခြင်းပင်ဖြစ်သည်။ နာမည်ကောင်း တည်ဆောက်နိုင်ခြင်းကိုလည်း စေတနာထားခြင်းကြောင့် ရနိုင်သည်။ မိမိလုပ်ငန်း သို့မဟုတ် မိမိဆိုင်သည် လိမ်လည်လှည့်ဖျားခြင်းမရှိ၊ ဖောက်သည်အပေါ်သစ္စာရှိသည်၊ စေတနာထားသည်ဟူသောနာမည်ဂုဏ်သတင်းကောင်းကို ရရှိစေသည်။ အဆိုပါနာမည်ဂုဏ်သတင်းသည် ငွေကြေးနှင့် ဝယ်ယူ၍မရသော အချက်ဖြစ်သည်။

ထို့ပြင် ယုံကြည်မှုကိုရရှိခြင်းသည် ဝန်ထမ်းများအားလုံးတွင် သက်သောင့်သက်သာရှိသော လုပ်ငန်းခွင်ကိုဖြစ်စေပြီး စိတ်ချမ်းသာမှုကို ပေးစွမ်းသည်။ လုပ်ငန်းရှင်ကိုယ်တိုင်သည် စေတနာထားခြင်း၊ တည်ကြည်ဖြောင့်မတ်ခြင်းနှင့် ရိုးသားခြင်းတို့ကို စံနမူနာပြအဖြစ်ပြုလုပ်နိုင်ရမည်။ သို့မှသာ ဝန်ထမ်းများသည်လည်း အဆိုပါအချက်များကို လိုက်နာလုပ်ကိုင်ကြမည်ဖြစ်သည်။ ထိုသို့ ပတ်ဝန်းကျင်ကောင်းနှင့် ဖြောင့်မတ်တည်ကြည် သောလုပ်ငန်းခွင်ကြောင့် လိမ်ညာရန်မလိုအပ်ဘဲ ပိုင်ရှင်နှင့် ဝန်ထမ်းများကို စိတ်ချမ်းသာမှုပေးစွမ်းမည်ဖြစ်သည်။

အဆိုပါစိတ်ကောင်းစေတနာ၊ သစ္စာရှိမှုတို့နှင့် တည်ဆောက်ထားသော ယုံကြည်မှုကိုမပျက်စေရန်လည်း စဉ်ဆက်မပြတ်ထိန်းသိမ်းနိုင်ရန်လိုအပ်သည်။ ယုံကြည်မှုကို နှစ်ပေါင်းများစွာတည်ဆောက်ရသော်လည်း စက္ကန့်ပိုင်းဖြင့်ပျက်စီးသွားနိုင်သည်။ ယုံကြည်မှုပျက်စီးသွားလျှင် ပြန်လည်တည်ဆောက်ရသည်မှာ တစ်သက်လုံးဖြစ်တတ်သည်ဆိုသကဲ့သို့ ဖောက်သည်များ၏လုပ်ငန်းအပေါ်ယုံကြည်မှုသည် ချက်ချင်းဖြစ်တည်လာသည်မဟုတ်ဘဲ အချိန်တစ်ခုယူ၍ တည်ဆောက်ရသည်။ ရရှိထားသောယုံကြည်မှုကို အမှားအယွင်းတစ်ခုခုဖြင့် အချိန်ပိုင်းအတွင်း ပျက်စီးအောင် လုပ်လိုက်နိုင်သည်။ ထို့ကြောင့် ဖောက်သည်များ၏ ယုံကြည်မှုရရှိလာလျှင်လည်း အဆိုပါယုံကြည်မှုခိုင်မြဲစေရန် အစဉ်ဂရုစိုက်နေရမည်ဖြစ်သည်။

ကိုယ်တိုင်တည်ဆောက်ပါ

ဝန်ထမ်းများ၊ လုပ်သားများနှင့် ဖောက်သည်များထံ ယုံကြည်မှုကိုမတောင်းဆိုမီ လုပ်ငန်းရှင်အနေဖြင့် ကိုယ်တိုင်က စံပြအဖြစ် ပြသနိုင်ရန်လိုအပ်သည်။ ထို့ကြောင့် ကိုယ်တိုင်၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုကို

❖ ယုံကြည်မှုဆိုသည်မှာ စီးပွားရေးလုပ်ငန်းတိုင်း၏ အသက်သွေးကြောဖြစ်သည်။ ယုံကြည်မှုကိုတည်ဆောက်ရာတွင် စိတ်ရင်းမှန်ခြင်းနှင့် ရိုးသားမှုရှိခြင်း၊ ရည်မှန်းချက်နှင့် စေတနာမှန်ကန်ခြင်း၊ စွမ်းဆောင်ရည်ရှိခြင်း၊ တည်ကြည်ဖြောင့်မတ်ခြင်းနှင့် ရလဒ်ကောင်းပြနိုင်ခြင်းတို့လိုအပ်သည်။ ယုံကြည်မှုဆိုသည်မှာ စီးပွားရေးလောက တစ်ခုလုံးတွင် အမြန်ဆန်ဆုံးနှင့် အဟန့်အတားအကင်းဆုံးအရာဖြစ်သည်။ ကုန်ကျစရိတ်ကို အနည်းဆုံးဖြစ်စေပြီး တန်ဖိုးကိုအမြင့်ဆုံးသို့ မြှင့်တင်ပေးနိုင်သောစွမ်းအားတစ်ခုဖြစ်သည်။ လုပ်ငန်းရှင်တစ်ယောက်အတွက် ဖောက်သည်၏ ယုံကြည်မှုတည်ဆောက်ရာတွင် စေတနာထားလုပ်ကိုင်မှုသည် အမြန်ဆုံးတည်ဆောက်နိုင်သည့် အဓိကအချက်ဖြစ်သည်။ ❖

ကိုလေးစားရန်လိုအပ်သည်။ ထို့ပြင် ဝန်ထမ်းအားပေးထာသော ကတိများကို အသေးအမွှားပင်ဖြစ်စေကာမူ ကတိကိုတည်အောင်ဆောင်ရွက်ပေးသင့်သည်။ ခံစားခွင့်၊ ခွင့်ရက် သို့မဟုတ် လေ့ကျင့်သင်ကြားပေးခြင်း စသည်တို့အားလုံးတွင် လုပ်ငန်းရှင် သို့မဟုတ် မန်နေဂျာဘက်မှ ကတိတည်ရမည်။ လုပ်ငန်းတစ်ခုချင်းကို လိုက်လံချုပ်ကိုင်နေခြင်းထက် သက်ဆိုင်ရာလုပ်ငန်းတစ်ခုချင်းအလိုက် SOP-Standard Operation Procedure ဟူသော လုပ်ထုံးလုပ်နည်းများချမှတ်၍ တာဝန်နှင့်လုပ်ပိုင်ခွင့်ကို ခွဲခြားသတ်မှတ်ဆောင်ရွက်စေခြင်းက ပိုမိုသင့်လျော်သည်။

လုပ်ငန်းခွင်အတွင်း အပြောနှင့်အလုပ်ညီအောင် လုပ်ကိုင်ခြင်းသည် အလွန်အရေးကြီးသော ယုံကြည်မှုဖြစ်သည်။ ဝန်ထမ်းများ၏ အကျိုးခံစားခွင့်စနစ်ထားရှိခြင်း၊ လုပ်ငန်းစဉ်များကို ရိုးရိုးရှင်းရှင်းနှင့် နားလည်လွယ်အောင်ဖန်တီးထားခြင်းတို့ ဆောင်ရွက်ထားခြင်းဖြင့် လုပ်ငန်းခွင်ယုံကြည်မှုကိုတိုးစေသည်။ ထို့ပြင် အထက်အောက် ကြောက်စိတ်ဖြင့်အလုပ်လုပ်ရခြင်းမျိုးကို လျှော့ချပေးနိုင်ရန်လိုအပ်သည်။ တစ်ပတ်လျှင်တစ်ကြိမ်ခန့် လုပ်ငန်းခွင်အခက်အခဲများ၊ လိုအပ်ချက်များကို အနှောင်အဖွဲ့ကင်းကင်း၊ ဖိအားကင်းကင်း ပွင့်လင်းလွတ်လပ်စွာဆွေးနွေးနိုင်သည့် စကားဝိုင်းများ ဖန်တီးပေးသင့်သည်။

စျေးကွက်နှင့် အသိုင်းအဝိုင်းအတွင်းယုံကြည်မှု

လုပ်ငန်းအတွင်း ယုံကြည်မှုကို ပြင်ပပတ်ဝန်းကျင်သို့တိုးချဲ့ဆောင်ရွက်နိုင်ရန်လည်း လိုအပ်သည်။ အထူးသဖြင့် စျေးကွက်နှင့် ဖောက်သည်များ၏ ယုံကြည်မှုရရှိရေး၊ အသိုင်းအဝိုင်းအတွင်း ယုံကြည်ရသော လုပ်ငန်းတစ်ခုဖြစ်ရေးတို့သည်လည်း လုပ်ငန်းအောင်မြင်ရေးအတွက် အလွန်အရေးပါသည်။ ထို့ကြောင့် ဖောက်သည်ဗဟိုပြုဆက်ဆံရေးကို မဖြစ်မနေတည်ဆောက်ရမည်။ ကုန်ပစ္စည်းအရည်အသွေး၊ စံချိန်စံညွှန်းသည် လျှော့မတွက်ရမည့်အရေးကြီးသော အချက်တစ်ခုဖြစ်သည်။ အမြတ်အတွက် အရည်အသွေးလျှော့ခြင်းကို အထူးသတိပြုရမည်ဖြစ်သည်။ အရည်အသွေးမမီလျှင် စျေးကွက်မဝင်သင့်ပါ။

ကုန်ကြမ်းပေးသွင်းသူများနှင့် ဆက်ဆံရာတွင် လည်းပေးထားသော ကတိကဝတ်များတည်အောင်ကြိုးစားဆောင်ရွက်ခြင်း၊ ငွေချေရန် ကတိပြုရက်များကို အတိအကျဆောင်ရွက်ပေးခြင်းလည်း အထူးလိုအပ်သည်။ အချို့သူများသည် ပေးရန်လည်းရှိ၊ ပေးလည်းပေးနိုင်ပါလျက် ပေးရမည့်အချိန်တွင် လက်ခက်တတ်ကြသည်ကို တွေ့ရတတ်သည်။ လက်ခက်သူများသည် ယုံကြည်မှုကိုရရန်လည်း ခက်တတ်သည်။ ဖောက်သည်များသည် ရောင်းသူ၏ ဆက်ဆံရေးကောင်းခြင်း၊ အရည်အသွေးကောင်းခြင်းတို့ကို ကြံ့ရသည်နှင့်အမျှ ယုံကြည်မှုလည်းတိုးလာမည်ဖြစ်သည်။ ထို့ကြောင့် လုပ်ငန်းအပေါ် ယုံကြည်မှုရှိချိန်တွင် ဆက်လက်ခိုင်မြဲစေရန် အရည်အသွေးအလေးချိန် စံချိန်စံညွှန်းများကို အထူးသတိပြု၍ ကောင်းအောင် လုပ်ပေးရန်လိုအပ်သည်။

ယုံကြည်မှုတိုင်းတာသည့်စံများ

လုပ်ငန်း၏ နေ့စဉ် ဆောင်ရွက်ချက်များတွင် ယုံကြည်မှုများ အမှန်တကယ် စိမ့်ဝင်ပျံ့နှံ့လျက်ရှိ၊ မရှိကို အခြေခံအားဖြင့် အောက်ပါညွှန်းကိန်းသုံးခုဖြင့် တိုင်းတာနိုင်သည်၊

- လုပ်ငန်းစဉ်မြန်ဆန်မှု
- အမှားပြင်ဆင်မှု
- ဝန်ထမ်းစိတ်ဓာတ် ။

စာမျက်နှာ ၅ သို့ ခံ

လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိ တို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းတယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော်မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက်လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာစေတဲ့ဟော်မုန်းပါ။ အန်ဒေါ်ဖင် ဟော်မုန်းထွက်ရှိလေ မိမိတို့မှာ ရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျလေဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေးကို အထောက်အပံ့ဖြစ်စေတဲ့ အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရူးသွပ်ခြင်း ရောဂါနဲ့ အယ်ဇိုင်းမားရောဂါတို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျော့ချပေးနိုင်ပါတယ်။

မုံရွာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၂၃၄၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



မုံရွာ နိုဝင်ဘာ ၇

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ ၂၃၄၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ ၇၇၅၅ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၃၄၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မုံရွာမြို့နယ်မှာ နေကြာ ဧက ၇၀၀၀ ကျော် စိုက်ပျိုးဖို့ အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကထက် ပိုမိုအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပြည်ပမှ တင်သွင်းတဲ့စားအုန်းဆီကို လျော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးဖို့ ဆောင်ရွက်ပေးသွားပါမယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာရဲ့ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့ မြေပဲ၊ နှမ်းတွေထက်များပါတယ်" ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

မုံရွာမြို့နယ်တွင် နေကြာစိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက နေကြာအထွက်နှုန်း တိုးတက်စေရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ ဓာတ်မြေဩဇာ စနစ်တကျ သုံးစွဲတတ်စေရေးတို့အတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)

á စာမျက်နှာ ၄ မှအဆက်

လုပ်ငန်းစဉ်မြန်ဆန်မှု

လုပ်ငန်းတွင်းဆုံးဖြတ်ချက်များသည် မှန်မှန်ကန်ကန်နှင့် မြန်ဆန်နေရန်လိုအပ်သည်။ အဆင့်အလိုက် တာဝန်ယူမှု၊ တာဝန်ခံမှုများရှိရမည်။ ခဲတံအနည်းငယ် ဝယ်ယူရန်ကိစ္စကအစ အထက်ဆုံးထိ တင်ပြဆုံးဖြတ်ချက်ယူခြင်းမျိုးမဖြစ်ရန်လိုသည်။ ထိုသို့မြန်မြန်ဆန်ဆန် ဆုံးဖြတ်နိုင်မှသာ အောင်မြင်မှုကိုရရှိမည်ဖြစ်သည်။ လုပ်ငန်းတွင်း ယုံကြည်မှုလည်း တိုးတက်လာမည်ဖြစ်သည်။ အကယ်၍ ကြန့်ကြာမှုများပြားခြင်း၊ သေးငယ်သောဆုံးဖြတ်ချက်များကိုပင် အထက်ဆုံးအဆင့် လူကြီး၏ဆုံးဖြတ်ချက် လိုအပ်ခြင်းမျိုးသည် လုပ်ငန်းတွင်း ယုံကြည်မှုများကျဆင်းစေသည်။

အမှားပြင်ဆင်မှု

အမှားအယွင်းနှင့် လုပ်ငန်းသည် အစဉ်ယှဉ်တွဲနေတတ်သည်။ အမှားအယွင်းနည်းရန် ကြိုးစားနေရမည်ဖြစ်သော်လည်း အစဉ်မှန်နေမည်မဟုတ်ပါ။ အမှားအယွင်းများ တွေ့ကြုံရသည့်အခါ အထက်အောက် အပြစ်တင်ခြင်းအစား လမ်းမှန်သို့အမြန်ဆုံးတည့်မတ်နိုင်ခြင်းကို အလျင်အမြန်ဆောင်ရွက်နိုင်ရန်လိုအပ်သည်။ ဝန်ထမ်းများက အမှားကို စောစီးစွာ၊ ရိုးသားစွာတင်ပြပြီး ဖြေရှင်းပေးခြင်းမျိုးသည် လုပ်ငန်းတွင်း ယုံကြည်မှုကိုခိုင်မြဲစေသည်။ ပြဿနာကို ဖုံးကွယ်ထားပြီး ဖောက်သည်ဆီမှ တိုင်ကြားစာရမှသာ အချင်းချင်း အပြစ်တင်ခြင်းမျိုးမဖြစ်သင့်သည်ကို သတိပြုရမည်ဖြစ်သည်။ အထူးသဖြင့် အရည်အသွေးနှင့်ဆိုင်သောကိစ္စများတွင် အမှားအယွင်းဖြစ်ပါက စောစီးစွာ သိရှိရန်လိုအပ်သည်။ အမှားအယွင်းများကို အချိန်မီပြုပြင်နိုင်ရန်အတွက် အထက်အောက် ယုံကြည်မှုရှိခြင်းသည် အလွန်အရေးကြီးသည်။

ဝန်ထမ်းစိတ်ဓာတ်

ဝန်ထမ်းများသည် အဆင့်ဆင့်တာဝန်ယူမှု၊ တာဝန်ခံမှုရှိနေရန် လိုအပ်သည်။ အထက်အောက် ယုံကြည်မှုရှိခြင်းများသည်လည်း လုပ်ငန်းအောင်မြင်ရန် အရေးကြီးသောအချက်တစ်ခုဖြစ်သည်။ လုပ်ငန်းတွင်း ယုံကြည်မှုမြင့်မားခြင်းရှိသည်ကို ဝန်ထမ်း၏ တာဝန်ယူလိုစိတ်နှင့်တိုင်းတာနိုင်သည်။ တာဝန်ယူစိတ်မြင့်မားခြင်း၊ ပွင့်လင်းစွာ ပြောဆိုနိုင်ခြင်းများဖြစ်ပါက လုပ်ငန်းခွင် ယုံကြည်မှုကောင်းသည်ဟု ဆိုနိုင်သည်။ ဝန်ထမ်းများဆုံးဖြတ်ချက်ကို ကောင်းစွာမချမှတ်နိုင်ခြင်း၊ တာဝန်ယူစိတ်နည်းပါးခြင်း၊ တစ်ဦးနှင့်တစ်ဦး သံသယများဖြင့် လုပ်ကိုင်နေခြင်းများသည် လုပ်ငန်းခွင်ယုံကြည်မှုကျဆင်းခြင်းကြောင့် ဖြစ်ပြီး လုပ်ငန်းအောင်မြင်မှုကို ထိခိုက်စေသည်။

မိမိတို့လုပ်ငန်းအောင်မြင်ရေးအတွက် နည်းအမျိုးမျိုးဖြင့် ကြိုးစားကြသည်သာဖြစ်ကြသည့်အနက် ယခုကဲ့သို့ ယုံကြည်မှုကိုတည်ဆောက်ပြီး လုပ်ငန်းအောင်မြင်အောင် ဆောင်ရွက်ခြင်းဖြင့် ရေရှည်တည်တံ့အောင်မြင်မှုကိုရရှိမည်ဖြစ်သည်။ လုပ်ငန်းခွင်အတွင်း ယုံကြည်မှု၊ ပတ်ဝန်းကျင်၊ စွေးကွက်တို့တွင် ယုံကြည်မှု၊ အထူးသဖြင့် ဖောက်သည်များ၏ ယုံကြည်မှုတို့ကိုမရရှိလျှင် လုပ်ငန်းအောင်မြင်ရေးအတွက် ခက်ခဲမည်ဖြစ်သည်။ ထို့ကြောင့် ယုံကြည်မှုကိုတည်ဆောက်၍ လုပ်ငန်း အောင်မြင်စေရန် ကြိုးပမ်းကြပါစို့ဟု ရေးသားလိုက်ရပါသည်။

ကိုးကား

– Stephen R. Covey's The Speed of Trust

ကြိုးစားသူသာ အောင်မြင်ရာ

- ရိုးဂုဏ်ကို အခြေခံထား
ကြိုးစားလို့ ဘဝတွင်၊
အချိန်ကို စည်းကမ်းတကျ
သုံးကြနေ့စဉ်၊
ပညာများ လေ့လာသင်
ရွေ့ဆက်နှင် အားမာန်ရှိ၊
ကြုံတွေ့နေ အခက်အခဲ
ရင်ဆိုင်နွေ၏။

- အမှားအမှန် ကြောင်းကျိုးညီ
လမ်းမှန်သိ ရွေ့ဆက်ကာ၊
အဖော်ခေါ် ဖွဲ့လုံ့လနဲ့
ဝီရိယပါ၊
အောင်မြင်မှု လမ်းကြောင်းသာ
ရဲရင့်စွာ ဖြတ်ကျော်သွား၊
မိမိကိုယ်ဆန်းစစ်
ထုဆစ်လှုပ်ရှား။

- ပြိုင်လာလျှင် အမုန်းမထား
မေတ္တာတရားနဲ့ ပေးဆပ်ကွယ်၊
မုဒိတာ မြတ်တရား
နှလုံးသားတွယ်၊
မကောင်းစိတ် အရိပ်ပယ်
ရိုးသားမယ် ဂုဏ်ကိုမြှင့်၊
ဘဝမှာ တိုးတက်လမ်း
မျှော်မှန်းကြိုးသင့်။ ။

ချစ်သက်(မြန်မာစာ)

ပြင်ဦးလွင်မြို့နယ် ဆေးတလုံးကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

ပြင်ဦးလွင် နိုဝင်ဘာ ၇

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆေးတလုံးကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းစီမံကိန်း (RBF) လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို နိုဝင်ဘာ ၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆက်နိုင်ထွန်း၊ မြို့နယ်ဦးစီးမှူး ဒေါ်ခင်မွန်ကျော်နှင့် တာဝန်ခံဝန်ထမ်းများက စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့် အတူ ဆေးတလုံးကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF) ရန်ပုံငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ ပုံမှန်ဖြည့်သွင်းမှု ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးဆက်နိုင်ထွန်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါဆေးတလုံးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၂၀ ကို ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း စီမံကိန်း(RBF) ရန်ပုံငွေကျပ်သိန်း ၃၀၀ ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ လည်ပတ်လျက်ရှိကြောင်း သိရသည်။

မောင်ခိုင်

ဂျီ-၇ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတက်ရောက်ရန် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ပဲရစ်မြို့သို့ သွားရောက်မည်

ဝါရှင်တန် နိုဝင်ဘာ ၇

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီယိုသည် ဂျီ-၇ အုပ်စု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး တက်ရောက်ရန် အတွက် နိုဝင်ဘာ ၈ ရက်မှ ၁၀ ရက်ထိ ပြင်သစ်နိုင်ငံ ပဲရစ်မြို့သို့ သွားရောက်မည်ဖြစ်ကြောင်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနက နိုဝင်ဘာ ၆ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ပဲရစ်မြို့၌ အခြား ဂျီ-၇ နိုင်ငံခြားရေးဝန်ကြီးများနှင့် တွေ့ဆုံစဉ် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီယိုသည် အမေရိကန်အစိုးရ၏ နိုင်ငံခြားရေးမူဝါဒများနှင့်ပတ်သက်၍ အဓိကထား ဆွေးနွေးမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန ကြေညာချက်၌ ဖော်ပြထားသည်။

လာမည့် ၂၀၂၈ ခုနှစ် အမေရိကန်သမ္မတ ရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရေးအတွက် အဖွဲ့မှ နုတ်ထွက်မည်ဆိုသော သတင်းများကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီးမာကိုရူဘီယိုက ငြင်းဆိုထားသည်။

မိမိသည် လက်ရှိသမ္မတ ဒေါ်နယ်ထရမ့်၏ သမ္မတသက်တမ်းကုန်ဆုံးချိန်ထိ နိုင်ငံခြားရေးဝန်ကြီးတာဝန်ကို ရယူထားရန် စီစဉ်ထားပြီးဖြစ်ကြောင်း မာကိုရူဘီယိုက မီဒီယာများသို့ ထုတ်ဖော်ပြောကြားထားသည်။

နိုဝင်ဘာ ၃ ရက် ကွန်ဂရက်လွှတ်တော်ရွေးကောက်ပွဲ၌ ရီပတ်ဘလီကန်ပါတီ အရေးနိမ့်ခဲ့ရမှုကြောင့် သမ္မတဒေါ်နယ်ထရမ့်သည် ၎င်း၏ နိုင်ငံခြားရေးမူဝါဒများကို အကောင်အထည် ဖော်ရာတွင် အကန့်အသတ်များ ရှိလာနိုင်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO



ဆော်ပေါလိုမြို့၌ လေးထပ်အဆောက်အအုံတစ်လုံး ခေါင်မိုးပြိုကျ၊ လူ လေးဦးဒဏ်ရာရ

ဆော်ပေါလို နိုဝင်ဘာ ၇

ဘရာဇီးနိုင်ငံ ဆော်ပေါလိုမြို့၌ နိုဝင်ဘာ ၆ ရက်က လေးထပ်အဆောက်အအုံတစ်လုံး ခေါင်မိုးပြိုကျခဲ့ရာ လူလေးဦးဒဏ်ရာရခဲ့ကြောင်း ဘရာဇီးတာဝန်ရှိသူများက ပြောကြားခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ခေါင်မိုး ပြိုကျချိန်တွင် အဆောက်အအုံအတွင်း လူ ၃၅ ဦး ရှိနေပြီး ၎င်းတို့အားလုံးကို ကယ်တင်နိုင်ခဲ့ကြောင်း ဆော်ပေါလိုမြို့မီးသတ်တပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

ဒဏ်ရာရသူလေးဦးကို ဆေးရုံသို့ပို့ဆောင်ထားပြီး ၎င်းတို့အားလုံး အခြေအနေကောင်းမွန်ကြောင်း ဆော်ပေါလိုမြို့ တာဝန်ရှိသူများက ပြောကြားထားသည်။

ခေါင်မိုး ပြိုကျခဲ့သည့် အဆောက်အအုံသည် ဆော်ပေါလိုမြို့၏ စီးပွားရေးရုပ်ကွက်ဖြစ်သည့် ဘရက်စ်ရပ်ကွက်၌ တည်ရှိကြောင်း သိရသည်။

ဘရက်စ် ရပ်ကွက်သည် လက်လီကုန်တိုက် အများအပြား တည်ရှိသည့် စီးပွားရေးရပ်ကွက်တစ်ခုဖြစ်ကြောင်း ဘရာဇီးမီဒီယာများကသတင်းထုတ်ပြန်ထားသည်။

ဘရာဇီးမီဒီယာများက အစောပိုင်းကာလတွင် ထုတ်ပြန်ထားသော သတင်းများအရ လေးထပ်အဆောက်အအုံတစ်လုံး ခေါင်မိုးပြိုကျမှုကြောင့် လူ ၂၅ ဦးထိ ဒဏ်ရာရခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

တရုတ်၊ အမေရိကန်၊ ရုရှား သုံးနိုင်ငံ ထိပ်သီးအစည်းအဝေးအတွက် ဆွေးနွေးနေကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အတည်ပြု

ပေကျင်း နိုဝင်ဘာ ၇

တရုတ်သမ္မတရှီကျင့်ဖျင်၊ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၊ ရုရှားသမ္မတပူတင်တို့ကြား သမိုင်းဝင် သုံးပွင့်ဆိုင် ဆွေးနွေးပွဲ ဖြစ်မြောက်ရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများ ဆွေးနွေးနေကြောင်း တရုတ်နိုင်ငံခြားရေး ဝန်ကြီးဌာနက ယခုရက်သတ္တပတ်အတွင်း အတည်ပြုခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။







တရုတ်၊ အမေရိကန်၊ ရုရှား ခေါင်းဆောင်များ၏ သုံးပွင့်ဆိုင် ထိပ်သီးဆွေးနွေးပွဲ ဖြစ်မြောက်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများ ဆွေးနွေးနေမှုကို တရုတ်အစိုးရက ပထမဆုံးအကြိမ်အဖြစ် အတည်ပြုခဲ့ခြင်း ဖြစ်သည်။

တရုတ်၊ အမေရိကန်၊ ရုရှား ခေါင်းဆောင်များ တွေ့ဆုံနိုင်ရေးအတွက် တရုတ်နိုင်ငံသည် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ဆွေးနွေးညှိနှိုင်းနေကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက နိုဝင်ဘာ ၄ ရက် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

အစီအစဉ် ဖြစ်မြောက်ခဲ့ပါက တရုတ်၊ အမေရိကန်၊ ရုရှားခေါင်းဆောင်များ ထိပ်သီးအစည်းအဝေးကို အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုအဖွဲ့ (အေပက်) ထိပ်သီးဆွေးနွေးပွဲ ကာလအတွင်း ကျင်းပမည် ဖြစ်သည်။

၂၀၂၆ ခုနှစ် အေပက်ထိပ်သီး ညီလာခံကို တရုတ်နိုင်ငံ တောင်ပိုင်း ရှန်ကျန်းမြို့၌ ယခုလအတွင်း ကျင်းပမည်ဖြစ်သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် အေပက်ထိပ်သီးညီလာခံ တက်ရောက်ရန်အတွက် ရှန်ကျန်းမြို့သို့ လာရောက်မည်ဖြစ်ပြီး တရုတ်သမ္မတရှီကျင့်ဖျင်နှင့် ယခုနှစ်အတွင်း တတိယအကြိမ် မြောက်အဖြစ် တွေ့ဆုံမည်ဖြစ်ကြောင်း သိရသည်။ Ref : Xinhua

Trs : KKO

ဒုတိယသမ္မတဟောင်း ပင်ဒရိုအယ်လီရာနာကို သမ္မတသစ်အဖြစ် ပါရာဂွေးလွှတ်တော်အမတ်များ ရွေးချယ်

အဆန်စီယွန် နိုဝင်ဘာ ၇

သမ္မတစန်တီယေဂို ရာထူးမှ နုတ်ထွက်ခဲ့ပြီးနောက် ပါရာဂွေး လွှတ်တော်အမတ်များက ဒုတိယသမ္မတဟောင်း ပင်ဒရိုအယ်လီရာနာကို နိုဝင်ဘာ ၆ ရက်တွင် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

စန်တီယေဂိုသည် ဒီဂျစ်တယ်ဘဏ်တစ်ခု အကျပ်အတည်းနှင့် အတူ နိုင်ငံရေးနှင့်ဘဏ္ဍာရေး အကျပ်အတည်းများ ပေါ်ထွက်လာခဲ့ပြီးနောက် သမ္မတရာထူးမှ နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် ပါရာဂွေး လွှတ်တော် အမတ်များသည် သမ္မတဟောင်း စန်တီယေဂိုကို စွပ်စွဲပြစ်တင်မှု ပြုလုပ်ခဲ့ပြီးနောက် နေအိမ်အကျယ်ချုပ်ဖြင့် ထိန်းသိမ်းထားကြောင်း သိရသည်။

သမ္မတဟောင်း စန်တီယေဂို သည် အကျပ်အတည်းများနှင့် ရင်ဆိုင်ခဲ့ရသည့် ဝေနီဒီဂျစ်တယ် ဘဏ်ကို အကာအကွယ်ပေးမှုများပြုလုပ်ခဲ့ကြောင်း ပါရာဂွေး လွှတ်တော်အမတ်များက စွပ်စွဲပြောကြားထားသည်။

ဝေနီဒီဂျစ်တယ် ဘဏ်သည် ၂၀၂၁ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီးနောက် အချိန်တိုကာလအတွင်း လုပ်ငန်းများအောင်မြင်ကြီးထွားလာခဲ့သည့် ဘဏ်ဖြစ်သည်။

သို့ရာတွင် ဝေနီဒီဂျစ်တယ် ဘဏ်၏ ချေးငွေထုတ်ပေးမှုပုံစံများ၊ သမ္မတဟောင်းစန်တီယေဂိုအပါအဝင် ပါရာဂွေးနိုင်ငံရေး၊ စီးပွားရေးခေါင်းဆောင်တို့နှင့် ဆက်စပ်မှုများမှာ မေးခွန်းထုတ်ဖွယ် ဖြစ်လာခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

ဥရောပရုပ်သံသတင်းဌာနများသို့ ဗုံးခြိမ်းခြောက်မှုသတိပေးချက်များရရှိ



လန်ဒန် နိုဝင်ဘာ ၇

ဥရောပတစ်ဝန်းရှိ ရုပ်သံသတင်းဌာနများသို့ နိုဝင်ဘာ ၆ ရက်က ဗုံးခြိမ်းခြောက်မှု သတိပေးချက်များ ရရှိခဲ့ကြောင်း ဥရောပ တာဝန်ရှိသူများက ပြောကြားခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဗုံးခြိမ်းခြောက်မှု သတိပေးချက်များရရှိခဲ့သည့် ဥရောပရုပ်သံသတင်းဌာနများထဲတွင် အိုင်ယာလန်အခြေစိုက် အာရ်တီအီး သတင်းဌာန၊ ဖြိတိန်အခြေစိုက် စကိုင်းနယူးစ်သတင်းဌာန၊ ဘူလ်ဂေးရီးယားအခြေစိုက် နိဗာတီဗွီ သတင်းဌာနတို့ ပါဝင်ကြောင်း သိရသည်။

ဗုံးခြိမ်းခြောက်မှု သတိပေးချက်များကြောင့် အဆိုပါရုပ်သံသတင်းဌာနများသည် အရေးပေါ်ရွှေ့ပြောင်းမှုများ၊ ထုတ်လွှင့်မှုအစီအစဉ်ဖျက်သိမ်းမှုများ ပြုလုပ်ခဲ့ရသည်။

သို့ရာတွင် လုံခြုံရေးတာဝန်ရှိသူများက ရှာဖွေစစ်ဆေးမှုများ ပြုလုပ်ရာ မည်သည့်ဖောက်ခွဲရေးပစ္စည်းကိုမျှ မတွေ့ရှိရကြောင်း မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ပြီးခဲ့သည့် ရက်များအတွင်း ဗုံးခြိမ်းခြောက်မှု သတိပေးချက်များကြောင့် ဥရောပတစ်ဝန်းရှိ လေကြောင်းခရီးစဉ်များ ကမောက်ကမဖြစ်ခဲ့ရပြီးနောက် ဥရောပရုပ်သံသတင်းဌာနများသို့ ဗုံးခြိမ်းခြောက်မှု သတိပေးချက်များ ရောက်ရှိ လာခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

နာဆာနှင့်နော့သ်ရော့ဂရူးမင်းကုမ္ပဏီတို့က ယခုလအတွင်း နိုင်ငံတကာအာကာသစခန်းသို့ ဆိုက်ဂနက်စ် အိတ်စ်အယ်လ်အာကာသကုန်တင်ယာဉ်ကို လွှတ်တင်ရန်စီစဉ်



ဝါရှင်တန် နိုင်ဘာ ၇

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)နှင့် နော့သ်ရော့ဂရူးမင်း ကုမ္ပဏီတို့သည် ယခုလအတွင်း နိုင်ငံတကာအာကာသစခန်းသို့ ဆိုက်ဂနက်စ် အိတ်စ်အယ်လ် အာကာသကုန်တင်ယာဉ်ကို လွှတ်တင်ရန်စီစဉ်ထားသည်ဟု နိုဝင်ဘာ ၆ ရက် သတင်းများတွင် ရေးသားဖော်ပြထားကြောင်း သိရသည်။

CRS-25 မစ်ရှင်အရ ဆိုက်ဂနက်စ်အိတ်စ်အယ်လ် အာကာသကုန်တင်ယာဉ်ကို နိုဝင်ဘာ ၂၉ ရက်တွင် စပေ့အိတ်ကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ရန် နာဆာနှင့် နော့သ်ရော့ဂရူးမင်းကုမ္ပဏီတို့က စီစဉ်ထားသည်။

ဆိုက်ဂနက်စ် အိတ်စ်အယ်လ် အာကာသ ကုန်တင်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်းပေါ်ရှိ အာကာသယာဉ်မှူးများအတွက် စားနပ်ရိက္ခာနှင့် သိပ္ပံပညာစမ်းသပ်ပစ္စည်းများကို သယ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီးနောက် ဆိုက်ဂနက်စ်အိတ်စ်အယ်လ် အာကာသကုန်တင်ယာဉ်သည် စက်ရုပ်လက်တံ၏အကူအညီဖြင့် နိုင်ငံတကာ အာကာသစခန်းနှင့် ချိတ်ဆက်မည်ဖြစ်ကြောင်း၊ အဆိုပါ ကုန်တင်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်း၌ ၂၀၂၇ ခုနှစ် မေလထိ ဆိုက်ကပ်ထားမည်ဖြစ်ကြောင်း သိရသည်။

CRS 25 မစ်ရှင်သည် နာဆာနှင့်ရယူထားသည့် သဘောတူညီချက်အရ နော့သ်ရော့ဂရူးမင်းကုမ္ပဏီက လွှတ်တင်ပေးမည့် ၂၅ ကြိမ်မြောက် နိုင်ငံတကာ အာကာသစခန်း ထောက်ပို့မစ်ရှင်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

ဥရောပ အာကာသအေဂျင်စီ၏ ဟီရာအာကာသယာဉ်က ဒီးဒီးမော့စ်နှစ်စင်းတွဲဂြိုဟ်သိမ်စနစ်နှင့် နီးကပ်လာပြီဖြစ်

ပဲရစ် နိုဝင်ဘာ ၇

ဥရောပ အာကာသအေဂျင်စီ၏ ဟီရာအာကာသယာဉ်သည် ဒီးဒီးမော့စ် နှစ်စင်းတွဲဂြိုဟ်သိမ်စနစ်နှင့် နီးကပ်လာပြီဖြစ်ကြောင်း နိုဝင်ဘာ ၆ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဒီးဒီးမော့စ် နှစ်စင်းတွဲဂြိုဟ်သိမ်စနစ်သည် ဒီးဒီးမော့စ်ဂြိုဟ်သိမ်နှင့် ၎င်းဂြိုဟ်သိမ်ထက် အရွယ်အစား ပိုသေးငယ်သည့် ဒီမောဖော့စ်အမည်ရှိ ဂြိုဟ်သိမ်တို့ဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)သည် ဂြိုဟ်သိမ်လမ်းကြောင်း ပြောင်းမှုနည်းပညာကို စမ်းသပ်သည့်အနေဖြင့် ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် ဒီမောဖော့စ်ဂြိုဟ်သိမ်ကို DART အမည်ရှိ အာကာသယာဉ်ဖြင့် ဝင်တိုက်ခဲ့ဖူးသည်။

လက်ရှိအချိန်တွင် ဥရောပအာကာသအေဂျင်စီ၏ ဟီရာအာကာသယာဉ်သည် ဒီးဒီးမော့စ်နှစ်စင်းတွဲဂြိုဟ်သိမ်စနစ်နှင့်နီးကပ်လာပြီဖြစ်ပြီး အောက်တိုဘာ ၁၈ ရက်တွင် ဒီမောဖော့စ်ဂြိုဟ်သိမ်ကို ဓာတ်ပုံရိုက်ကူးပေးခဲ့သည်။



အဆိုပါဓာတ်ပုံကို ဟီရာအာကာသယာဉ်သည် ဒီးဒီးမော့စ်ဂြိုဟ်သိမ်စနစ်နှင့် ၇၉၅ မိုင် အကွာမှတစ်ဆင့် ရိုက်ကူးခဲ့ခြင်းဖြစ်ကြောင်းဥရောပအာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

ဟီရာ အာကာသယာဉ်သည် ဒီမောဖော့စ်ဂြိုဟ်သိမ်ကို နာဆာ၏ DART အာကာသယာဉ်ဝင်တိုက်ခဲ့ပြီးနောက် ပေါ်ထွက်လာသည့် အပြောင်းအလဲများကို လေ့လာမည်ဖြစ်ပြီး ဥရောပအာကာသအေဂျင်စီသည် ဟီရာအာကာသယာဉ်ကို ၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် စပေ့အိတ်ကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

Ref : Russia Today
Trs : KKO

အခြားဂြိုဟ်ကမ္ဘာများမှ သက်ရှိများကို ရှာဖွေနေကြသည့် သိပ္ပံပညာရှင်များက ထူးခြားသော ရေဒီယိုတယ်လီစကုပ် အချက်ပြလှိုင်းတစ်မျိုးကို ထောက်လှမ်းတွေ့ရှိထား

ပေကျင်း နိုဝင်ဘာ ၇

အခြားဂြိုဟ်ကမ္ဘာများမှ သက်ရှိများကို ရှာဖွေနေသော သိပ္ပံပညာရှင်များသည် ထူးခြားသော ရေဒီယိုတယ်လီစကုပ် အချက်ပြလှိုင်းတစ်မျိုးကို ထောက်လှမ်းတွေ့ရှိကြောင်း နိုဝင်ဘာ ၆ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အဆိုပါ ရေဒီယိုအချက်ပြလှိုင်းကို တရုတ်သိပ္ပံပညာရှင်များ ဦးဆောင်သည့် နိုင်ငံတကာသိပ္ပံပညာရှင်များက FAST ရေဒီယိုတယ်လီစကုပ်၏ အကူအညီဖြင့် ရှာဖွေတွေ့ရှိထားခြင်းဖြစ်ကြောင်း သိရသည်။

FAST ရေဒီယိုတယ်လီစကုပ်သည် K2-155 အမည်ရှိ ကြယ်စနစ်တစ်ခုကို လေ့လာနေချိန်တွင် အထက်ပါ ရေဒီယိုအချက်ပြလှိုင်းများကို ထောက်လှမ်းတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း တရုတ်သိပ္ပံပညာရှင်များက ပြောကြားသည်။

K2-155 ကြယ်စနစ်သည် ကျောက်သားဂြိုဟ် သုံးစင်းပိုင်ဆိုင်ထားသည့် ကြယ်စနစ်ဖြစ်ပြီး ကမ္ဘာမြေနှင့် အလင်းနှစ် ၂၃၈ နှစ်အကွာတွင် တည်ရှိကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

K2-155 ကြယ်စနစ်မှထွက်ပေါ်လာသည့် ရေဒီယိုအချက်ပြလှိုင်းကို NBS 260108 ဟူ၍ သိပ္ပံပညာရှင်များက အမည်ပေးထားကြောင်း သိရသည်။

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း၌ တည်ရှိသော FAST ရေဒီယိုတယ်လီစကုပ်သည် ကမ္ဘာ့အကြီးဆုံး လှိုင်းဖမ်းဗန်းတပ်ဆင်ထားပြီး အလွန်ဖျော့တော့သည့် ရေဒီယိုလှိုင်းများကိုပင် ဖမ်းယူနိုင်စွမ်းရှိကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

သယ်ယူပို့ဆောင်ရေးယာဉ် ဆူညံသံများနှင့် ရေရှည်ထိတွေ့မှုက နှလုံးကျန်းမာရေးထိခိုက်နိုင်

နယူးယောက် နိုဝင်ဘာ ၇

ရထား၊ လေယာဉ်၊ မော်တော်ယာဉ်စသည့် သယ်ယူပို့ဆောင်ရေးယာဉ်များ၏ ဆူညံသံများနှင့် ရေရှည်ထိတွေ့မှုသည် နှလုံးကျန်းမာရေးကို ထိခိုက်စေနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကိုကိုးကား၍ နိုဝင်ဘာ ၆ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

မက်ဆာချူးဆက် အထွေထွေဆေးရုံကြီးမှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ သယ်ယူပို့ဆောင်ရေးယာဉ်များ၏ ဆူညံသံများကြောင့် နှလုံးရုတ်တရက်ဖောက်နိုင်ခြေ၊ လေဖြတ်နိုင်ခြေနှင့် နှလုံးရောဂါများဖြစ်နိုင်ခြေ မြင့်တက်လာနိုင်ကြောင်း၊ ၎င်းဆူညံသံများကြောင့် အိပ်စက်မှုမထိခိုက်ခဲ့လျှင်ပင် နှလုံးကျန်းမာရေးကို ရေရှည်တွင် ဒုက္ခပေးနိုင်ကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် အရွယ်ရောက်သူ ၁၀၀၀၀၀ ကျော်တို့၏ ကျန်းမာရေးမှတ်တမ်းများနှင့် ဘဝနေထိုင်မှုပုံစံများကို နှိုင်းယှဉ်လေ့လာချက်မှ ပေါ်ထွက်လာသည့် ရလဒ်များအရ ဒက်ဆီဘယ် ၅၀ နှင့်အထက်ရှိသော သယ်ယူပို့ဆောင်ရေးယာဉ် ဆူညံသံများနှင့် ထိတွေ့မှုကြောင့် နှလုံးရောဂါများ ဖြစ်ပွားမှု၏ နောက်ခံ အကြောင်းတရားများ ပေါ်ထွက်လာနိုင်ခြေ ပုံမှန်ထက် ရှစ်ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းထိ မြင့်တက်လာနိုင်ကြောင်း၊ ထို့ပြင် နှလုံး ရုတ်တရက်ဖောက်နိုင်ခြေ၊ လေဖြတ်နိုင်ခြေနှင့် အခြားနှလုံးကျန်းမာရေးပြဿနာများ ပေါ်လာနိုင်ခြေလည်း မြင့်တက်လာနိုင်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

Ref : Sputnik News
Trs : KKO

GLP-1 အုပ်စုဝင်ထိုးဆေးများက မက်ဖော်မင်ဆေးထက် ပုံစံ-၂ ဆီးချိုရောဂါကို ထိရောက်စွာကာကွယ်နိုင်

နယူးယောက် နိုဝင်ဘာ ၇

Ozempic နှင့် Mounjaro ကဲ့သို့ ကိုယ်အလေးချိန်လျှော့ချရေးထိုးဆေးများသည် ပုံစံ-၂ဆီးချိုရောဂါကို ကာကွယ်ရာတွင် မက်ဖော်မင်ဆေးထက်ပင် ထိရောက်စွာကာကွယ်နိုင်ကြောင်းသုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ နိုဝင်ဘာ ၆ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ GLP-1 အုပ်စုဝင် အဆိုပါထိုးဆေးများကို သုံးစွဲသူများသည် မက်ဖော်မင်ဆေးသုံးစွဲသူများနှင့် နှိုင်းယှဉ်ပါက ပုံစံ-၂ ဆီးချိုရောဂါ ဖြစ်နိုင်ခြေ ၃၀ ရာခိုင်နှုန်း ပိုနည်းပါးကြောင်း၊ ရောဂါဘယအမျိုးမျိုးကြောင့် ဆုံးပါးနိုင်ခြေလည်း ၄၁ ရာခိုင်နှုန်းပိုနည်းပါးကြောင်း၊ အလားတူ နှလုံးရုတ်တရက်ဖောက်နိုင်ခြေ၊ လေဖြတ်နိုင်ခြေနှင့် နှလုံးခုန်ရပ်တန့်နိုင်ခြေများလည်း ပိုနည်းပါးသည်ဟု ဖော်ထုတ်တွေ့ရှိထားကြောင်း သိရသည်။

မိမိတို့၏လေ့လာတွေ့ရှိချက်အရ ဆီးချိုမဖြစ်သေးသော်လည်း သွေးအတွင်း သကြားဓာတ် ပုံမှန်ထက်မြင့်မားနေသူများမှာ GLP-1 အုပ်စုဝင်ဆေးများဖြင့် ပုံစံ-၂ ဆီးချိုရောဂါကို ကာကွယ်ထားနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် အဝလွန်သူနှင့် ဆီးချိုမဖြစ်သေးသော်လည်း သွေးအတွင်း သကြားဓာတ်ပါဝင်မှုမြင့်မားနေသူ ၂၅၀၀၀၀ ကျော်တို့၏ ကျန်းမာရေးမှတ်တမ်းများကို လေ့လာခဲ့ပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



ONE Friday Fights 178 ပြိုင်ပွဲတွင် မြန်မာဖိုက်တာကျော်စွာဝင်း ပြိုင်ဘက်အပြောင်းအလဲ ဖြစ်ခဲ့ပြီး ရော့လက်ပက်နှင့် ထိုးသတ်ရမည်

ရန်ကုန် နိုဝင်ဘာ ၇

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ နိုဝင်ဘာ ၁၁ ရက်တွင် ကျင်းပမည့် ONE Friday Fights 178 ပြိုင်ပွဲတွင် မြန်မာဖိုက်တာကျော်စွာဝင်းက ပြိုင်ဘက်အပြောင်းအလဲရှိခဲ့ပြီး ထိုင်းဖိုက်တာ ဆာမင်ဒမ်အစား နောက်ထပ် ထိုင်းဖိုက်တာတစ်ဦး ဖြစ်သည့် ရော့လက်ပက်နှင့် ထိုးသတ်ရမည်ဟု ONE Championship အဖွဲ့ချုပ်က နိုဝင်ဘာ ၆ ရက်တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ONE Championship အဖွဲ့ချုပ်သည် အစောပိုင်းက ကျော်စွာဝင်းကို ဆာမင်ဒမ်နှင့် ထိုးသတ်ရန် စီစဉ်ထားသော်လည်း ပြိုင်ဘက်အပြောင်းအလဲ လုပ်ဆောင်ခဲ့ပြီး ဆာမင်ဒမ်၏နေရာတွင် ရော့လက်ပက်နှင့် ထိုးသတ်ရန်စီစဉ်ခဲ့ခြင်း ဖြစ်သည်။

ဆာမင်ဒမ်နှင့် ကျော်စွာဝင်းတို့သည် ပြီးခဲ့သည့် မတ်လက ထိုးသတ်ခဲ့ရာ အငြင်းပွားဖွယ်ဆုံးဖြတ်ချက်များဖြင့် ကျော်စွာဝင်းက ရှုံးနိမ့်ခဲ့သည့်အတွက် ပရိသတ်များက ကျော်စွာဝင်းနှင့် ဆာမင်ဒမ်တို့ကို မကျေပွစ်အဖြစ်စီစဉ် ပေးရန် တောင်းဆိုခဲ့ပြီးနောက် အဖွဲ့ချုပ်က ONE Friday Fights 178 ပြိုင်ပွဲတွင်ထည့်သွင်းကျင်းပရန်စီစဉ်ခဲ့သော်လည်း ယခုအခါ ပြိုင်ဘက် အပြောင်းအလဲဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

ONE Friday Fights 178 ပြိုင်ပွဲတွင် ကျော်စွာဝင်းတွဲဆိုင်းအပြင် မြန်မာဖိုက်တာ တစ်ဦးဖြစ်သည့် ဟာလင်းအုမ်း (အောက်ချင်းလေး) တွဲဆိုင်းလည်း ပါဝင်မည်ဖြစ်ပြီး ပြိုင်ဘက် ထိုင်းဖိုက်တာဘန်လူးနှင့် ထိုးသတ်ရမည်ဖြစ်ကြောင်း သိရသည်။ STA



အာရှအမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်တွင် ဧရာဝတီအသင်းက အီရန်ကလပ် ဘန်ခါတွန်အသင်းကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိ

ရန်ကုန် နိုဝင်ဘာ ၇



မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် အာရှအမျိုးသမီး ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စု နောက်ဆုံးပွဲစဉ်အဖြစ် ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ သုဝဏ္ဏ အားကစားကွင်းတွင် မြန်မာကလပ် ဧရာဝတီအသင်းနှင့် အီရန်ကလပ် ဘန်ခါတွန်အသင်း တို့ကစားခဲ့ရာ မြန်မာကလပ် ဧရာဝတီအသင်းက သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် နောက်တစ်ဆင့်တက်ရောက်ရန် မဖြစ်မနေ အနိုင်ရလဒ်ရရှိရန် လိုအပ်နေသည့် ဧရာဝတီအသင်းက ဖိအားပေး ကစားခဲ့ပြီး ပွဲချိန် နှစ်မိနစ်တွင် သန်းသန်းနွယ်က ဧရာဝတီအသင်းအတွက် ဦးဆောင်ဂိုး သွင်းယူခဲ့ပြီးနောက် ပထမပိုင်း အပြီးတွင် ဧရာဝတီအသင်းက တစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည် စတင်ချိန်တွင်လည်း ဧရာဝတီအသင်းက ဆက်လက်ဖိအား ပေးကစားခဲ့ရာ ပွဲချိန် ၅၈မိနစ်တွင် သန်းသန်းနွယ်နှင့် ပွဲချိန် ၆၃ မိနစ်တွင် မီယာမိုတိုတို့က ဧရာဝတီအသင်းအတွက် ဦးဆောင်ဂိုးများ ဆက်လက် သွင်းယူခဲ့ပြီးနောက် အနိုင်ရလဒ်ကို အကောင်းဆုံး ထိန်းချုပ် ကစားခဲ့ကာ ပွဲပြီးဆုံးချိန်တွင် ဧရာဝတီအသင်းက ဘန်ခါတွန်အသင်းကို သုံးဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့သည်။

ဧရာဝတီအသင်းသည် အာရှအမျိုးသမီး ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုသုံးပွဲကစားခဲ့ရာ မြောက်ကို ရီးယားကလပ် နာဂိုယောင်းအသင်းကို ခုနစ်ဂိုး ဂိုးမရှိ၊ ဂျပန်ကလပ် ကိုဘေးလီယိုနာဆာအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့်ရှုံးနိမ့်ခဲ့သော်လည်း အီရန်ကလပ် ဘန်ခါတွန်အသင်းကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။ STA

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၀)တွင် လိဒ်အသင်းက အိမ်ကွင်း၌ စပါးအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရ

လန်ဒန် နိုဝင်ဘာ ၇

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၀)အဖြစ် ယနေ့ညပိုင်းက လိဒ်အသင်းနှင့် စပါးအသင်းတို့ ကစားခဲ့ရာ လိဒ်အသင်းက အိမ်ကွင်း၌ တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့သော်လည်း တိုက်စစ်ကစားသမားများ၏အဆုံးသတ်ပိုင်း အားနည်းမှုများကြောင့် ပထမပိုင်းအပြီးတွင် ဂိုးမရှိသရေရလဒ် ထွက်ပေါ်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် စပါးအသင်းက ပိုမိုဖိအားပေးကစားခဲ့သော်လည်း လိဒ်အသင်းက တန်ပြန် တိုက်စစ်မှတစ်ဆင့် ပြန်လည် ဖိအားပေးကစားနိုင်ခဲ့ကာ ပွဲချိန် ၇၉ မိနစ်တွင် အိုကာဖောက လိဒ်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့ပြီး လက်ကျန်ပွဲချိန်များတွင် နှစ်သင်းလုံးဂိုးသွင်းယူနိုင်ခြင်းမရှိဘဲ ပွဲပြီးဆုံးချိန်တွင် လိဒ်အသင်းက အိမ်ကွင်း၌တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

လိဒ်အသင်းသည် အိမ်ကွင်းတွင် စပါးအသင်းကို အနိုင်ရခဲ့သည့်အတွက် အိမ်ကွင်းကိုးပွဲဆက် မရှုံးနိမ့်အောင် စွမ်းဆောင်ခဲ့ပြီးနောက် ၂၀၀၁ ခုနှစ်နောက်ပိုင်း အိမ်ကွင်း ကိုးပွဲဆက်မရှုံးနိမ့်ခဲ့သည့် မှတ်တမ်းကောင်းတစ်ရပ်ကို ပြန်လည် လိုက်မီခဲ့ကြောင်း သိရသည်။ Ref : Fotmob
Trs : STA

အာရှဖလားယူ-၁၇ ပြိုင်ပွဲခြေစစ်ပွဲ ပွဲစဉ်ငါးပွဲကို ပဒေသာကွင်းမှ သုဝဏ္ဏကွင်းသို့ ပြောင်းရွှေ့ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၇

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် (MFF)က အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာရှဖလား ယူ-၁၇ ပြိုင်ပွဲခြေစစ်ပွဲ ပွဲစဉ်များမှ မြန်မာအသင်းအပါအဝင်အုပ်စု (A) ပွဲစဉ်ငါးပွဲကို လက်ရှိရာသီဥတုအခြေအနေအရ မူလစီစဉ်ထားသည့် ပဒေသာ အားကစားကွင်းမှ သုဝဏ္ဏ အားကစားကွင်းသို့ ပြောင်းရွှေ့ကျင်းပမည်ဟု ယနေ့တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

လက်ရှိရာသီဥတု အခြေအနေအရ ပွဲကစားချိန်အတွင်း ရာသီဥတုကြောင့် ရပ်ဆိုင်းရခြင်းရှိပါက သုဝဏ္ဏ အားကစားကွင်းသည် အမြန်ဆုံးပွဲကို ပြန်လည်စတင်နိုင်ခြင်း၊ မီးစင်များအသုံးပြုနိုင်ခြင်း၊ ရုပ်သံထုတ်လွှင့်မှုများ ဆက်လက်ဆောင်ရွက်နိုင်ခြင်း တို့ကြောင့် ကွင်းပြောင်းရွှေ့ကျင်းပရန် မြန်မာဘောလုံးချုပ်က အာရှဘောလုံးအဖွဲ့ချုပ်ထံတင်ပြခဲ့ရာ ခွင့်ပြုချက်ရရှိခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် အာရှဖလား ယူ-၁၇ ပြိုင်ပွဲ ခြေစစ်ပွဲတွင် အုပ်စု(A) ၌ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ အာဖဂန်နစ္စတန်၊ ကမ္ဘောဒီးယားအသင်းတို့နှင့် ကျရောက်နေပြီး နိုဝင်ဘာ ၈ ရက်တွင် အာဖဂန်နစ္စတန်အသင်းနှင့် စတင်ကစားရမည်ဖြစ်သည်။

မြန်မာအသင်းသည် သုဝဏ္ဏ အားကစားကွင်းတွင် ပွဲစဉ်သုံးပွဲ၊ Star City Sports Club အားကစားကွင်းတွင် ပွဲစဉ်တစ်ပွဲ လက်ခံကျင်းပမည်ဖြစ်ကြောင်း သိရသည်။ STA

CHINA-ASEAN Esports Competition ပြိုင်ပွဲတွင် Mobile Legends Bang Bang (MLBB) ပြိုင်ပွဲ၌ မြန်မာအသင်း ဗိုလ်လုပွဲအဆင့် တက်ရောက်

ရန်ကုန် နိုဝင်ဘာ ၇

တရုတ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် CHINA-ASEAN Esports Competition ပြိုင်ပွဲ Mobile Legends Bang Bang (MLBB) ပြိုင်ပွဲ၌ မြန်မာအသင်းသည် ယနေ့တွင် ဗိုလ်လုပွဲအဆင့် တက်ရောက်ခဲ့ကြောင်း သိရသည်။

CHINA-ASEAN Esports Competition ပြိုင်ပွဲ MLBB ပြိုင်ပွဲတွင် မြန်မာအသင်းသည် အုပ်စု(A)၌ မလေးရှားအသင်း၊ ကမ္ဘောဒီးယားအသင်း၊ ဘရူနိုင်းအသင်းတို့နှင့်တစ်အုပ်စုတည်း ကျရောက်ခဲ့သည်။



မြန်မာအသင်းသည် အုပ်စုပွဲစဉ်များအဖြစ် ယနေ့တွင် မလေးရှားအသင်း၊ ဘရူနိုင်းအသင်းတို့နှင့် ကစားခဲ့ရာ နှစ်ပွဲဆက်အနိုင်ရပြီးနောက် ကမ္ဘောဒီးယားအသင်းနှင့် ဆက်လက်ကစားခဲ့ရာ ရှုံးနိမ့်ခဲ့သော်လည်း ပြိုင်ပွဲတွင် နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးရလဒ်ဖြင့် ဆီမီးဖိုင်နယ်အဆင့် တက်ရောက်ခဲ့ခြင်း ဖြစ်သည်။

ထို့နောက် မြန်မာအသင်းသည် ဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်အဖြစ် အိမ်ရှင်တရုတ်အသင်းနှင့် ယနေ့တွင် ဆက်လက်ကစားခဲ့ရာ နှစ်ပွဲပြတ်ဖြင့် အနိုင်ရပြီးနောက် ဗိုလ်လုပွဲအဆင့် တက်ရောက်ခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် CHINA-ASEAN Esports Competition ပြိုင်ပွဲ MLBB ပြိုင်ပွဲ၌ ဗိုလ်လုပွဲစဉ်အဖြစ် နိုဝင်ဘာ ၈ ရက်တွင် အင်ဒိုနီးရှားအသင်းနှင့် ဆက်လက်ကစားရမည် ဖြစ်ကြောင်း သိရသည်။ STA

တနင်္ဂနွေနေ့ညကစားမဲ့ ပွဲစဉ်တွေထဲက တိုက်စစ်ကစားပုံကောင်းနေတဲ့ ဘရိုက်တန်အသင်း၊ ဘက်တစ်အသင်း၊ နာပိုလီအသင်းတို့ကို အားပေးရမှာပါ

M L



တနင်္ဂနွေနေ့ညကစားမဲ့အမှတ်ပေးပွဲမှာ အသင်းကြီးတွေ ဆုံမှုတွေရှိနေတာကြောင့် အကြိတ်အနယ်ရှိတဲ့ ပွဲစဉ်တွေကိုကြည့်ရှုရအုံးမှာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ရက်သတ္တပတ် တနင်္ဂနွေနေ့ညမှာတော့ ပရိသတ် အကြိုက်တွေ့တဲ့အသင်းတွေဖြစ်တဲ့ ပရီးမီးယားလိဂ်က အာဆင်နယ်၊ စပါးအသင်းတို့ရလဒ်ကောင်းခဲ့ပြီး စီးရီးအေမှာတော့ ကိုမို၊ လာဇီယို၊ လာလီဂါမှာ ရီးရဲလ်မက်ဒရစ်၊ ဘာစီလိုနာတို့ ရလဒ်ကောင်းခဲ့တာကို တွေ့ရမှာပါ။ လာမဲ့တနင်္ဂနွေနေ့ညမှာတော့ တိုက်စစ်ကစားပုံကောင်းနေတဲ့ ဘရိုက်တန်အသင်း၊ ဘက်တစ်အသင်းနဲ့ နာပိုလီအသင်းတို့ကို အားပေးရမှာပါ။

ဘရိုက်တန်အသင်းကို အားပေးရမှာပါ

တနင်္ဂနွေနေ့ညကစားမဲ့ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ ဘရိုက်တန်အသင်းနဲ့ ဘရန့်ဖို့ဒ်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဘရိုက်တန်အသင်းကတော့ ပြီးခဲ့တဲ့အပြောင်းအရွှေ့မှာ ကစားသမားဖြည့်တင်းမှုအကောင်းဆုံးလုပ်နိုင်ခဲ့တာကြောင့် အမှတ်ပေးပြိုင်ပွဲမှာ ရလဒ်ပိုင်းတိုးတက်လာတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ အမှတ်ပေးပွဲကိုးပွဲအပြီးမှာ ရမှတ် ၁၉ မှတ်ထိရရှိခဲ့ပြီး တိုက်စစ်ပိုင်းက သွင်းဂိုး ၂၄ ဂိုးနဲ့ ခံစစ်က ပေးဂိုးခုနစ်ဂိုးသာ ရှိခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် အမှတ်ပေးပြိုင်ပွဲမှာ တိုက်စစ်ပိုင်းဂိုးသွင်းအများဆုံး အသင်းအဖြစ်ရပ်တည်နိုင်ခဲ့ပြီး လက်ရှိမှာလဲ အဆင့် (၃) မှာရပ်တည်နိုင်ခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းရဲ့ နောက်ဆုံးကစားခဲ့တဲ့ အမှတ်ပေးပွဲမှာလဲ မန်စီးတီးလိုအဘက်ဘက်က သာလွန်မှုရှိတဲ့အသင်းကို ပွဲချိန်ပြည့်ထိန်းချုပ်ပြီး တိုက်စစ်မြှင့်ကစားသွားတာ အားရစရာကောင်းပါတယ်။ အခုပွဲမှာလဲ ဘရန့်ဖို့ဒ်လို ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိတဲ့အသင်းကို ဖိအားပေးနိုင်မှာသေချာပါတယ်။

ဘရန့်ဖို့ဒ်အသင်းကတော့ နောက်ပိုင်းနှစ်တွေမှာ ကစားသမားကောင်းတွေပေါ်ထွက်ခဲ့ပေမဲ့ ထိန်းချုပ်နိုင်ခြင်းမရှိခဲ့တာကြောင့် အသင်းအနေနဲ့ ရလဒ်ပိုင်းကောင်းဖို့ ရုန်းကန်နေရတာဖြစ်ပါတယ်။ အခုနှစ်မှာတော့ သူတို့အသင်းဟာ ပရီးမီးယားလိဂ်အတွေ့အကြုံရှိတဲ့ ကစားသမားတွေကိုအားဖြည့်ခဲ့ပေမဲ့ ကစားသမားသစ်တွေအနေနဲ့ အသင်းမှာ ခြေစွမ်းပြဖို့ခက်ခဲနေတာကို တွေ့ရမှာပါ။ သူတို့အသင်းကလဲ အမှတ်ပေးပွဲ ကိုးပွဲအပြီးမှာ သုံးပွဲနိုင်၊ ငါးပွဲသရေ၊ တစ်ပွဲရှုံးနဲ့ ရမှတ် ၁၄ မှတ်ရခဲ့တာကြောင့် အဆင့် (၇) မှာရပ်တည်နိုင်ခဲ့တာကို တွေ့ရမှာပါ။ ဒါပေမဲ့ အောက်တိုဘာလအတွင်းကစားခဲ့တဲ့ အမှတ်ပေးပွဲတွေမှာတော့ နောက်ဆုံးကစားခဲ့တဲ့ နော်တင်ဟမ်အသင်းနဲ့ပွဲကလွဲရင် ကျန်ပွဲတွေ အားလုံးရမှတ်ဆုံးရှုံးခဲ့ပြီး ခံစစ်ကလဲပေးဂိုး ကိုးဂိုးထိရှိခဲ့တာကို သတိပြုရမှာဖြစ်ပါတယ်။ ဘရိုက်တန်လိုကစားကွက်ပိုင်းတည်ငြိမ်တဲ့အသင်းကို အဝေးကွင်းမှာထိန်းချုပ်ဖို့တော့ခက်မှာပါ။ ဒါကြောင့် အိမ်ကွင်းအားသာချက်နဲ့ တိုက်စစ်ကစားပုံထက်မြက်နေတဲ့ ဘရိုက်တန်အသင်းကိုပဲ အားပေးရမှာပါ။

ဘရိုက်တန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

ဂျက်ဘလိုနက်	၀	-	၀	ဘရိုက်တန်
လီဗာပူး	၂	-	၀	ဘရိုက်တန်
မန်စီးတီး	၂	-	၂	ဘရိုက်တန်
မန်စီးတီး	၀	-	၁	ဘရိုက်တန်
ဂီတာဖေး	၀	-	၁	ဘရိုက်တန်

ဘရန့်ဖို့ဒ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

အေဗလာ	၂	-	၂	ဘရန့်ဖို့ဒ်
ဘရန့်ဖို့ဒ်	၁	-	၂	လီဗာပူး
ဟူးလ်စီးတီး	၁	-	၁	ဘရန့်ဖို့ဒ်
ဆန်းဒါးလန်း	၃	-	၂	ဘရန့်ဖို့ဒ်
ဘရန့်ဖို့ဒ်	၂	-	၀	နော်တင်ဟမ်

ဘက်တစ်အသင်း ရလဒ်ကောင်းမှာပါ

လာလီဂါပြိုင်ပွဲမှာ နောက်ထပ်အကြိုက်တွေ့မိတာကတော့ အယ်ချီအသင်းနဲ့ ဘက်တစ်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ အခုနှစ်မှာ တန်းတက်လာတဲ့အယ်ချီအသင်းကတော့ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ ဗလင်စီယာအသင်းကိုသာရှုံးခဲ့ပြီး ကျန်လေးပွဲမှာ ရမှတ်ရှာနိုင်ခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းကလဲ အမှတ်ပေးပွဲ ၁၁ ပွဲအပြီးမှာ ရမှတ် ၁၀ မှတ်စုဆောင်းနိုင်ခဲ့တာကြောင့် အဆင့် (၁၇) မှာရောက်ရှိနေပြီး တန်းဆင်းဇုန်ဖိအားတော့ရှိနေတာဖြစ်ပါတယ်။ အယ်ချီအသင်းဟာ နောက်ပိုင်းပွဲတွေမှာ ခံစစ်နဲ့တိုက်စစ်ကစားပုံချိတ်ဆက်မိလာပြီး တိုက်စစ်ပိုင်းက နိနိုကတော့ သွင်းဂိုးခြောက်ဂိုးထိ သွင်းယူနိုင်ခဲ့တာကို တွေ့ရမှာပါ။ ဒါ့ပြင် ခံစစ်ပိုင်းကလဲ နောက်ဆုံးကစားခဲ့တဲ့ လာလီဂါငါးပွဲဆက်မှာ ပေးဂိုးနှစ်ဂိုးသာရှိခဲ့တာကြောင့် အယ်ချီရဲ့ ခြေစွမ်းပိုင်းကတော့လျှော့တွက်လို့မရပါဘူး။ သူတို့အသင်းအနေနဲ့ ရလဒ်ပိုင်းတိုးတက်လာပေမဲ့ အခုပွဲမှာတော့ ဘက်တစ်လို ခြေစွမ်းပိုင်းမာကျောတဲ့အသင်းကိုတော့ ပွဲချိန်ပြည့်ထိန်းချုပ်ဖို့ ခက်ခဲမှာပါ။

ဘက်တစ်အသင်းကတော့ နည်းပြပယ်လီဂရီနီလက်ထက်မှာ အောင်မြင်မှုတွေ ရရှိထားတဲ့အသင်းတစ်သင်းဖြစ်ပြီး လက်ရှိမှာလဲ အမှတ်ပေးပြိုင်ပွဲမှာ ခုနစ်ပွဲနိုင်၊ နှစ်ပွဲသရေနှစ်ပွဲရှုံးနဲ့ ရမှတ် ၂၃ မှတ်ရခဲ့တာကြောင့် အမှတ်ပေးဇယားအဆင့် (၄) မှာရပ်တည်နိုင်တာဖြစ်ပါတယ်။ သူတို့အသင်းဟာ အသင်းက ကစားသမားတွေကိုသာဆက်လက်ထိန်းသိမ်းခဲ့ပြီး ကစားသမားဖြည့်တင်းမှုသိပ်မလုပ်နိုင်ခဲ့တဲ့ နည်းပြရဲ့အတွေ့အကြုံကောင်းတွေကြောင့် ကစားကွက်ပိုင်းကျဆင်းသွားတာမရှိဘဲ ခြေရည်တူအသင်း၊ အသင်းငယ်တွေနဲ့တွေ့ရင် နိုင်ပွဲဆက်နေတာကိုသတိပြုရမှာပါ။ အယ်ချီနဲ့ ဘက်တစ်တို့ရဲ့ ကစားကွက်ပိုင်းမှာ ဘက်တစ်ကသာလွန်နေပြီး တိုက်စစ်ကစားပုံမှာတော့ အယ်ချီအသင်းကသာပေမဲ့ အဆုံးအဖြတ်ဂိုးသွင်းယူမှုမှာ ဘက်တစ်အသင်းက ဝါရင့်ကစားသမားတွေရှိနေတာကြောင့် အခုပွဲမှာ ခြေစွမ်းပိုင်းတည်ငြိမ်မှုပိုကောင်းတဲ့ ဘက်တစ်အသင်းပဲရလဒ်ကောင်းမှာပါ။

အယ်ချီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

အယ်ချီ	၀	-	၀	ဆဲလ်တာဗီဂို
ဗီလာရီးရဲလ်	၀	-	၀	အယ်ချီ
ဗယ်လ်ကာနို	၀	-	၃	အယ်ချီ
ပီနာတာ	၁	-	၃	အယ်ချီ
အယ်ချီ	၀	-	၁	ဗလင်စီယာ

ဘက်တစ်အသင်းရဲ့နောက်ဆုံးငါးပွဲရလဒ်

ဘက်တစ်	၂	-	၅	ဘာစီလိုနာ
ဘက်တစ်	၁	-	၀	ဖီရင်နု
ဆဲလ်တာဗီဂို	၀	-	၀	ဘက်တစ်
ဘက်တစ်	၂	-	၁	မာလာဂါ
ဒဲ့ဗွန်	၂	-	၁	ဘက်တစ်

နာပိုလီအသင်းနဲ့ လက်တွဲရမှာပါ

တနင်္ဂနွေနေ့ညမှာကစားမဲ့ စီးရီးအေပြိုင်ပွဲမှာ အကြိုက်တွေ့မိတာကတော့ နာပိုလီအသင်းနဲ့ လာဇီယိုအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ နာပိုလီအသင်းဟာ နည်းပြအယ်လီဂရီလက်အောက်မှာ ခြေစွမ်းပိုင်းတည်ငြိမ်ဖို့ရုန်းကန်နေရဆဲဖြစ်ပြီး အထူးသဖြင့် အဝေးကွင်းရောက်ရင် ခံစစ်ကစားပုံကျဆင်းသွားတာဖြစ်ပါတယ်။ ဒါကြောင့် နောက်ဆုံးကစားခဲ့တဲ့ အဝေးကွင်းခြောက်ပွဲဆက်မှာ မွန်ဇာတစ်သင်းကိုသာနိုင်ပွဲရခဲ့ပြီး ကျန်တဲ့အသင်းကိုရှုံးခဲ့တာကို တွေ့ရမှာပါ။ လက်ရှိမှာတော့ အမှတ်ပေးပွဲ ၁၀ ပွဲမှာ ၁၄ မှတ်သာစုဆောင်းနိုင်ခဲ့တာကြောင့် အဆင့် (၈) မှာရောက်နေပြီး ဥရောပပြိုင်ပွဲဝင်ခွင့်ရဖို့ အခွင့်အရေးနည်းနေတာဖြစ်ပါတယ်။ ဒါကြောင့် နာပိုလီအသင်းဟာ လာမဲ့ပွဲတွေမှာရမှတ်ရှာဖွေပြီး ဥရောပဝင်ခွင့်တစ်နေရာရဖို့ အစွမ်းကုန်ကြိုးစားနေတာကို တွေ့ရမှာပါ။ နာပိုလီခံစစ်ပိုင်းမှာ ဘာဒီယာရှိ၊ ဒီလော်ရန်ဇိတို့ ဒဏ်ရာရပြီးနောက်ပိုင်း ပေးဂိုးများလာခဲ့တာကြောင့် အခုပွဲမှာ နည်းပြအနေနဲ့ ခံစစ်ကစားပုံပြောင်းလဲနိုင်မှသာ လာဇီယိုလို တိုက်စစ်ပိုင်းထက်မြက်နေတဲ့အသင်းကို ထိန်းချုပ်နိုင်မှာဖြစ်ပါတယ်။

လာဇီယိုအသင်းကတော့ နည်းပြဂတ်တူဆိုလက်အောက်မှာ အကောင်းဆုံးပုံစံရရှိနေပြီး အမှတ်ပေးပြိုင်ပွဲ ၁၀ ပွဲအပြီးမှာ ကိုးပွဲနိုင်၊ တစ်ပွဲသရေ၊ ရှုံးပွဲမရှိနဲ့ အမှတ်ပေးဇယားကိုဦးဆောင်နေတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ အခုနှစ်မှာ ဥရောပပြိုင်ပွဲမကစားရတာကြောင့် ကျန်တဲ့အသင်းကြီးတွေနဲ့ယှဉ်ရင် ပွဲပန်းမှုနဲ့ဒဏ်ရာရမှုနည်းပါးသလို အမှတ်ပေးပြိုင်ပွဲကိုပဲ အာရုံစိုက်နေတာကိုသတိပြုရမှာပါ။ အခုပွဲမှာ နာပိုလီအသင်းအနေနဲ့ ခံစစ်ပိုင်းပြင်ဆင်နိုင်မှသာ လာဇီယိုအသင်းကို ယှဉ်ကစားလို့ရမှာပါ။ နည်းပြနှစ်ယောက်ရဲ့အတွေ့အကြုံမှာတော့ နာပိုလီအသင်းကသာနေပြီး တိုက်စစ်ပိုင်းမှာ လာဇီယိုအသင်းအသာရနေပေမဲ့ အခုပွဲမှာ နာပိုလီအသင်းက ဒီဘရိုင်း၊ ပိုလီတာနို၊ ဟိုက်လန်း၊ တွန်မီနေးတို့လို ဝါရင့်ကစားသမားတွေကိုသာအသုံးပြုခဲ့ရင်တော့ လာဇီယိုတိုက်စစ်ကို တားဆီးနိုင်မှာဖြစ်တဲ့အတွက် အိမ်ကွင်းအားသာချက်နဲ့ နိုင်ပွဲရှာရမဲ့ နာပိုလီအသင်းနဲ့ပဲလက်တွဲရမှာပါ။

နာပိုလီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

နာပိုလီ	၄	-	၃	ဘိုဒို၇လင့်
နာပိုလီ	၃	-	၃	ရိုးမား
မွန်ဇာ	၁	-	၄	နာပိုလီ
ဂျူဗင်တပ်	၂	-	၀	နာပိုလီ
ပေါ်တို	၄	-	၁	နာပိုလီ

လာဇီယိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

လာဇီယို	၃	-	၁	မွန်ဇာ
ဂျူဗင်တပ်	၀	-	၃	လာဇီယို
လာဇီယို	၂	-	၁	ပါးမား
ဆက်ဆူအိုလို	၂	-	၆	လာဇီယို
လာဇီယို	၂	-	၁	ကက်ဂလီယာရီ

လေကြောင်းပို့ဆောင်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနေသည့် အပေါ့စားသယ်ယူပို့ဆောင်ရေးလေယာဉ်များ၏ အခန်းကဏ္ဍ

ရဲခေါင်

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ၏ နေ့စဉ်လူမှုဘဝ အဆင်ပြေချောမွေ့ရေးနှင့် ဒေသတစ်ခုနှင့်တစ်ခုအကြား စီးပွားရေးဆက်သွယ်မှု ပိုမိုအားကောင်းလာစေရေးတို့အတွက် ပို့ဆောင်ရေးကဏ္ဍကို အရေးပါသောအခန်းကဏ္ဍတစ်ရပ်အဖြစ် သတ်မှတ်ကာ အဆင့်မြင့်တင်ဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် မြန်မာနိုင်ငံကဲ့သို့ ပထဝီဝင်အနေအထားအရ တောင်တန်းဒေသများ၊ ကျွန်းဒေသများနှင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် ဒေသများစွာရှိသော နိုင်ငံတစ်နိုင်ငံတွင် လေကြောင်းပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာခြင်းသည် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများသာမက နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက်ပါ အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

အားသာချက်များနှင့် စွမ်းဆောင်နိုင်မှုများ

ချက်နိုင်ငံထုတ် Let L-410 UVP-E20 Turbolet အမျိုးအစားလေယာဉ်တွေဟာ အပေါ့စားသယ်ယူပို့ဆောင်ရေးလေယာဉ်တွေဖြစ်ပြီး ခရီးသည် ၁၉ ဦး အထိ တင်ဆောင်နိုင်စွမ်းရှိပါတယ်။ GE H80-200 အင်ဂျင်နှစ်လုံးတပ်ဆင်ထားပြီး မြေပြန့်ဇရိယာရှားပါးတဲ့ တောင်တန်းဒေသ လေယာဉ်ပြေးလမ်းတွေမှာ တက်ရောက်ဆင်းသက်နိုင်တဲ့ စွမ်းဆောင်ရည်ရှိပါတယ်။ ပုံမှန်အားဖြင့် လေယာဉ်ပြန်တက်ဖို့ ပြေးလမ်းအရှည် ၁၁၀၀ မီတာခန့် လိုအပ်ပါတယ်။

တာဘိုပရော့ (Turboprop) အင်ဂျင်တွေ တပ်ဆင်ထားတာဖြစ်လို့ မြန်မာ့အင်ဂျင်နီယာတွေနဲ့လည်း အကျွမ်းတဝင်ရှိပြီးသားဖြစ်ပါတယ်။ လုပ်ငန်းတာဝန်တွေအနေနဲ့ကတော့ အဓိကပုဂ္ဂိုလ်သယ်ယူပို့ဆောင်ခြင်း၊ လူ/ကုန်ပစ္စည်းသယ်ယူပို့ဆောင်ခြင်း၊ လူနာသယ်ယူပို့ဆောင်ခြင်းနှင့် သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများ အစရှိတာတွေမှာ အသုံးပြုနိုင်ပါတယ်။ အမြင့်ဆုံးပျံသန်းနိုင်တဲ့ အမြင့်ပေကတော့ ၁၄၀၀၀ ပေဖြစ်ပါတယ်။ တိုတောင်းတဲ့ပြေးလမ်းတွေမှာ ဆင်းသက်ပျံသန်းနိုင်စွမ်း (Short Take-off and Landing) ရှိတာနဲ့ ခေတ်မီ Avionics စနစ်တွေ တပ်ဆင်ထားတာကြောင့် မြန်မာ့ပြည်တွင်းလေကြောင်းပို့ဆောင်ရေးကဏ္ဍအတွက် အလွန်တရာသင့်လျော်ထိရောက်တဲ့ လေယာဉ်အမျိုးအစားပဲဖြစ်ပါတယ်။

အရပ်တက်လေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် အကျိုးရှိစွာအသုံးပြုလျက်ရှိ

နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ချက်နဲ့အညီ ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာအမျိုးသား လေကြောင်းအနေနဲ့ လမ်းပန်းဆက်သွယ်မှုခက်ခဲတဲ့ မြို့တွေဆီ ခရီးသွားပြည်သူတွေ သွားလာရေးအဆင်ပြေချောမွေ့စေဖို့ L-410 လေယာဉ်ငယ်တွေနဲ့ ၂၀၂၆ ခုနှစ် ဇူလိုင် ၄ ရက်မှစတင်ကာ ရန်ကုန်မြို့ကနေ ရခိုင်ပြည်နယ် မာန်အောင်မြို့နဲ့ ကျောက်ဖြူမြို့၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်လေဆိပ်ကိုအခြေပြုပြီး ထားဝယ်မြို့၊ ဘုတ်ပြင်းမြို့နဲ့ ကော့သောင်းမြို့တို့ကို ပုံမှန်ပျံသန်းပြေးဆွဲပေးနေပြီဖြစ်ပါတယ်။

ခရီးသွားလာရေးကဏ္ဍနှင့် ကုန်စည်စီးဆင်းမှုအတွက် များစွာအထောက်အကူပြု

ATR၊ Boeing နဲ့ Airbus လိုမျိုး လေယာဉ်ကြီးတွေဟာ ခရီးသည်ဦးရေနဲ့ အကွာအဝေးအပေါ်မူတည်ပြီး ပျံသန်းရတာဖြစ်လို့ အချို့သောနေရာဒေသများအတွက် ကန့်သတ်ချက်များဖြစ်ပေါ်စေနိုင်ပါတယ်။

ဒါကြောင့် အပေါ့စားသယ်ယူပို့ဆောင်ရေးခရီးသည်တင်လေယာဉ်တွေကိုသုံးပြီး မန္တလေးမြို့ကို အခြေပြုကာ မြန်မာနိုင်ငံအထက်ပိုင်းသို့ဖြစ်စေ၊ ရန်ကုန်မြို့ကိုအခြေပြုကာ မြန်မာနိုင်ငံအောက်ပိုင်းသို့ဖြစ်စေ နေ့စဉ်ပြေးဆွဲနိုင်မယ်ဆိုရင် ခရီးသွားလာရေးကဏ္ဍက သိသိသာသာတိုးတက်မြင့်မားလာမှာဖြစ်ပါတယ်။ ဒါ့အပြင် လေယာဉ်ကြီးတွေ ဆင်းသက်လို့မရတဲ့ နေရာဒေသတွေဆီကိုပါ အပေါ့စားသယ်ယူပို့ဆောင်ရေးလေယာဉ်တွေနဲ့ ကုန်စည်တွေ၊ MSME ထုတ်ကုန်တွေကို မြန်မြန်ဆန်ဆန်ပို့ဆောင်ပေးနိုင်မှာဖြစ်လို့ ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အများကြီး အထောက်အကူပြုလာမှာဖြစ်ပါတယ်။

Air Ambulance အဖြစ်အသုံးပြုနိုင်မှုနှင့် အရပ်ဘက်လုပ်ငန်းတာဝန်များ

သဘာဝဘေးအန္တရာယ်တွေ ကျရောက်တဲ့အခါမျိုးမှာဖြစ်စေ၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလိုအပ်တဲ့အခါမျိုးမှာဖြစ်စေ ကုန်းလမ်းခရီးကြန့်ကြာမှုတွေကြောင့် အသက်အန္တရာယ် ထိခိုက်ဆုံးရှုံးတာမျိုးမဖြစ်ရလေအောင် အပေါ့စားသယ်ယူပို့ဆောင်ရေးခရီးသည်တင်လေယာဉ်တွေကို လူနာတင်လေယာဉ် (Air Ambulance) အဖြစ် အသုံးချနိုင်ခြင်းကလည်း စွမ်းရည်တစ်ခုပဲဖြစ်ပါတယ်။ ဝေးလံခေါင်ဖျားတဲ့ ဒေသတွေဆီ အရေးပေါ်ဆေးဝါးတွေ၊ ကာကွယ်ဆေးတွေနဲ့ သွေးပစ္စည်းတွေကို ဆရာဝန်တွေနဲ့အတူ အမြန်ဆုံး ပို့ဆောင်ပေးနိုင်တဲ့အတွက် လူ့အသက်တွေကို အချိန်မီကယ်တင်နိုင်မှာဖြစ်ပါတယ်။ လိုအပ်တဲ့ထောက်ပံ့ပို့ဆောင်ရေးနဲ့ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို လျင်လျင်မြန်မြန် ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။

ဒါ့အပြင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေနဲ့လည်း သစ်တော သယံဇာတများထိန်းသိမ်းရေး၊ တောမီးနှင့် မီးခိုးမြူငွေ့အန္တရာယ်တားဆီးကာကွယ်ရေး၊ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများကို စောင့်ကြည့်လေ့လာရေး စတဲ့ အရေးပါတဲ့ အရပ်ဘက်ဆိုင်ရာလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာမှာ L-410 လေယာဉ်များကို အကျိုးရှိရှိ အသုံးပြုလျက်ရှိပါတယ်။

ဒေသတွင်းနိုင်ငံများ၏အောင်မြင်မှု

လေကြောင်း သယ်ယူပို့ဆောင်ရေးကဏ္ဍမှာ အပေါ့စားသယ်ယူပို့ဆောင်ရေး ခရီးသည်တင်လေယာဉ်များကိုအသုံးပြုပြီး ဖွံ့ဖြိုးတိုးတက်နေတဲ့ ဒေသတွင်းနိုင်ငံများကိုလည်း အထင်အရှားတွေ့နိုင်ပါတယ်။

ကျွန်းပေါင်းထောင်ချီရှိတဲ့ ဖိလစ်ပိုင်နိုင်ငံမှာ Cebgo နဲ့ Sunlight Air လိုမျိုး လေကြောင်းလိုင်းတွေက အပေါ့စား သယ်ယူပို့ဆောင်ရေးလေယာဉ်တွေကို အဓိကသုံးပြီး ဒေသတွင်းလေဆိပ်တွေဆီ နေ့စဉ် ပုံမှန်ပျံသန်းဝန်ဆောင်မှုပေးနေတာကြောင့် နိုင်ငံ့စီးပွားရေးနဲ့ ခရီးသွားကဏ္ဍကို ကြီးကြီးမားမား အထောက်အကူပြုလျက်ရှိပါတယ်။

အလားတူပဲ ကျွန်းစုနိုင်ငံတစ်ခုဖြစ်တဲ့ အင်ဒိုနီးရှားနိုင်ငံမှာ ရှေ့ဆောင်လေကြောင်းများ (Pioneer Air Transport) မူဝါဒကိုချမှတ်ထားပြီး Wings Air လို လေကြောင်းလိုင်းတွေက ATR လေယာဉ်ငယ်များစွာနဲ့ ဝေးလံခေါင်သီတဲ့ဒေသတွေဆီ ခရီးသည်တွေနဲ့ ကုန်စည်တွေကို နေ့စဉ် တင်ဆောင်ပြေးဆွဲလျက်ရှိနေပါတယ်။

တောင်တန်းတွေနဲ့ သစ်တောတွေ ထူထပ်ပေါများတဲ့ ထိုင်းနိုင်ငံမှာတော့ Bangkok Airways လို လေကြောင်းလိုင်းတွေကနေတစ်ဆင့် ဒေသဆိုင်ရာ လေဆိပ်ငယ်တွေဆီ တာဘိုပရော့ (Turboprop) လေယာဉ်ငယ်တွေနဲ့ ချိတ်ဆက်ပြေးဆွဲတာကြောင့် ကုန်ကျစရိတ်သက်သာစေပြီး ကျေးလက်ဒေသတွေအထိ စီးပွားရေးအကျိုးအမြတ်တွေကို ဖြန့်ကြက်ပေးနိုင်ခဲ့ပါတယ်။

ဒါ့အပြင် ဗီယက်နမ်နဲ့ ဂျပန်နိုင်ငံတို့မှာလည်း ရှည်လျားတဲ့ ပထဝီဝင်အနေအထားနဲ့ ကျွန်းစုဒေသတွေအတွက် အပေါ့စား သယ်ယူပို့ဆောင်ရေးလေယာဉ်တွေနဲ့ ဒေသဆိုင်ရာ ဂျက်လေယာဉ်တွေကိုသုံးပြီး ပြည်တွင်းလေကြောင်းကဏ္ဍကို အရှိန်အဟုန်နဲ့ မြှင့်တင်ဆောင်ရွက်နေကြပါတယ်။

ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားမြင့်မားတိုးတက်ရေးကို ဦးထိပ်ပန်ဆင်

နိုင်ငံတစ်နိုင်ငံအနေနဲ့ နိုင်ငံတကာနဲ့ရင်ဆိုင်နေရတဲ့ စီးပွားရေးပိတ်ဆို့မှုတွေ ဒါမှမဟုတ် ကန့်သတ်ချက်တွေကိုကျော်လွှားနိုင်ပြီး အရပ်တက်လေကြောင်းသယ်ယူပို့ဆောင်ရေးနဲ့ ဒေသန္တရဖွံ့ဖြိုးတိုးတက်ရေးအတွက် လေယာဉ်တွေတင်သွင်းအသုံးပြုတယ်ဆိုတာ နိုင်ငံတကာဥပဒေတွေနဲ့အညီ မိမိနိုင်ငံရဲ့ အချုပ်အခြာအာဏာပိုင် ဒေသန္တရလိုအပ်ချက်အရ ဆောင်ရွက်တာပဲဖြစ်ပါတယ်။

အချို့သော ပြင်ပစွပ်စွဲချက်တွေနဲ့ မမှန်မကန် ရေးသားထုတ်လွှင့်မှုတွေမှာ နိုင်ငံတော်ရဲ့ တရားဝင် အရပ်ဘက်လေကြောင်းပို့ဆောင်ရေးနဲ့ ခရီးသည်တင် ပို့ဆောင်မှုကဏ္ဍတွေကိုလျစ်လျူရှုပြီး အခြားသော ပုံဖျက်ယူဆချက်တွေနဲ့ သွယ်ဝိုက်တိုက်ခိုက်လေ့ရှိကြပါတယ်။ တကယ်တမ်းမှာတော့ L-410 လေယာဉ်တွေဟာ တောင်တန်းဒေသတွေ၊ ကမ်းရိုးတန်းနဲ့ ကျွန်းစုဒေသတွေဆီ သွားလာနေကြရတဲ့ သာမန်ပြည်သူတွေနဲ့ ခရီးသွားလာသူတွေအတွက် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့စေဖို့၊ ကျန်းမာရေးနဲ့လူမှုရေး အရေးပေါ်လုပ်ငန်းတွေ ဆောင်ရွက်ပေးဖို့ နဲ့ ဒေသတွင်း ကုန်စည်စီးဆင်းမှုကို အမြန်ဆုံး အကောင်အထည်ဖော်ပေးဖို့အတွက်သာ ရည်ရွယ်ပြီး အကျိုးရှိရှိ အသုံးပြုနေခြင်းသာဖြစ်ပါတယ်။

အချုပ်အားဖြင့်ဆိုရရင်တော့ အခုလို အပေါ့စားသယ်ယူပို့ဆောင်ရေး ခရီးသည်တင်လေယာဉ်ငယ်များကို တွင်တွင်ကျယ်ကျယ်တိုးချဲ့ပြေးဆွဲပေးနိုင်ခြင်းအားဖြင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး ဝေးလံ

နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ချက်နဲ့အညီ ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာအမျိုးသားလေကြောင်းအနေနဲ့ လမ်းပန်းဆက်သွယ်မှုခက်ခဲတဲ့မြို့တွေဆီ ခရီးသွားပြည်သူတွေ သွားလာရေးအဆင်ပြေချောမွေ့စေဖို့ L-410 လေယာဉ်ငယ်တွေနဲ့ ၂၀၂၆ ခုနှစ် ဇူလိုင် ၄ ရက်မှစတင်ကာ ရန်ကုန်မြို့ကနေ ရခိုင်ပြည်နယ် မာန်အောင်မြို့နဲ့ ကျောက်ဖြူမြို့၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်လေဆိပ်ကိုအခြေပြုပြီး ထားဝယ်မြို့၊ ဘုတ်ပြင်းမြို့နဲ့ ကော့သောင်းမြို့တို့ကို ပုံမှန်ပျံသန်းပြေးဆွဲပေးနေပြီဖြစ် . . .

အပေါ့စား သယ်ယူပို့ဆောင်ရေးခရီးသည်တင်လေယာဉ်ငယ်များကို တွင်တွင်ကျယ်ကျယ် တိုးချဲ့ပြေးဆွဲပေးနိုင်ခြင်းအားဖြင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး ဝေးလံခေါင်သီတဲ့ အရပ်ဒေသတွေမှာရှိကြတဲ့ ခရီးသွားမိဘပြည်သူတွေအတွက် ခရီးသွားလာရေးချောမွေ့လွယ်ကူလာစေမှာ မလွဲဧကန်ဖြစ် . . .

ခေါင်သီတဲ့ အရပ်ဒေသတွေမှာရှိကြတဲ့ ခရီးသွားမိဘပြည်သူတွေအတွက် ခရီးသွားလာရေး ချောမွေ့လွယ်ကူလာစေမှာ မလွဲဧကန်ဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံရဲ့ လေကြောင်းသယ်ယူပို့ဆောင်ရေး အခန်းကဏ္ဍကိုလည်း တစ်ဖက်တစ်လမ်းကနေ အထောက်အကူပြုစေနိုင်မှာအမှန်ပါပဲ။

နိုင်ငံတော်နဲ့ နိုင်ငံသားတို့ရဲ့အကျိုးကို အမြဲဦးထိပ်ပန်ဆင်ထားတဲ့ ကမ္ဘာပေါ်မှာရှိတဲ့ မည်သည့်အစိုးရမဆို မိမိနိုင်ငံသားတွေရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနဲ့ အခြေခံလိုအပ်ချက်တွေကို လွှမ်းခြုံဖြည့်ဆည်းပေးနိုင်ဖို့အတွက်ဆိုရင် အခုလိုပဲ မဟာဗျူဟာမြောက်နည်းလမ်းမျိုးစုံနဲ့ အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်ကြမှာဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)

President of the Republic of the Union of Myanmar U Min Aung Hlaing inspects Yangon Technological University in Insein Township and urban development undertakings in Hlaingthaya and Shwepyitha townships





President U Min Aung Hlaing inspects preparations for urban development.



President U Min Aung Hlaing visits Yangon Technological University.

Nay Pyi Taw November 7

President of the Republic of the Union of Myanmar U Min Aung Hlaing inspected the Yangon Technological University of the Department of Advanced Science and Technology, the Ministry of Science and Technology in Insein Township, Yangon Region, and urban development undertakings in Hlaingthaya and Shwepyitha townships. The President was accompanied by Union ministers accompanying on the trip and other members of the entourage, the Yangon Region chief minister, the Yangon Command commander and officials.

On arrival at the YTU, the President was warmly welcomed by Union ministers, the YTU rector, the pro rector and faculty members.

Union Minister for Science and Technology Dr Myo Thein Kyaw reported on the structural formation, lecture halls, hostels, administrative buildings, sport ground and staff houses of the university.

After examining the scale model of the YTU, the President give instructions on the Union Minister's report.

At the meeting hall, the Union Minister presented a brief history of the university, appointment of faculty members, student enrollment and attendance by academic year, requirement of more hostels for students and staff, physical activities of students at the gymnasium and sport ground, and the need to provide a recreation center.

Regarding the report, the President spoke of the need to ensure orderly entry and exit routes and enable students to do physical exercises in upgrading the sport grounds, and to organize sports events in a systematic way. the President said in constructing the RC building, it is necessary to select a location that ensures easy access for students, and to methodically plan and design a modern architectural structure in advance. He then fulfilled the other requirements.

The President looked around the laboratory testing capabilities at the Myanmar Japan Technological Development Centre – 1, designated land for RC building construction, and the practical testing capabilities of the durability of masses including iron, minerals, concrete and earth at the Myanmar Japan Technological Development Centre – 2. In response to reports presented by officials, the President asked for more information and gave instructions.

He then toured the sport ground and provided necessary guidelines to upgrade it.

The President and party then inspected the proposed sites for the construction of the Hlaingthaya Township Football Stadium located in Ward (8) at the corner of Kyansittha Road and Inggalaing Creek, as well as in Ward (15) along Kanaung Mintha Gyi Road in Hlaingthaya Township(East), and issued necessary directives based on the reports presented by officials.

They then conducted an inspection tour of Hlaingthaya Township by motor vehicle and issued necessary directives to responsible officials regarding systematic road organization, enforcement of traffic rules and regulations, and town cleanliness and beautification.

They then inspected the proposed sites for the construction of a modern park and township sports stadium located between Industry Main Road, Pathein Road, and Pyae Nwel Kone Road in Myaytaing Ward (34), as well as between Pyidaungsu Road, Sabai Road, and Industry Lane in Myaytaing Ward (31), Shwepyitha Township, and issued necessary directives based on the reports presented by officials.

In the afternoon, the President met with Union Ministers, the Chief Minister of Yangon Region, the Commander of Yangon Region Command, the Chairman of the Yangon City Development Committee and Mayor of Yangon, and responsible officials accompanying the trip. During the meeting, he instructed officials to strictly supervise matters necessary to ensure systematic land use in all towns and villages nationwide, including Yangon Region, as well as to ensure that land allocated for agriculture and livestock breeding enterprises is effectively and actually utilized for its intended operations. He also emphasized the need to strictly enforce regulations to bring about urban cleanliness, proper drainage systems, systematic tree planting for greening efforts, and the creation of well-ventilated, healthy, and balanced living environments.

He thoroughly discussed and gave necessary guidance on matters regarding the elevation of the education sector through educational reforms, including ensuring that all school-age children attend school and increasing grade-to-grade transition rates, properly conducting monthly examinations, monitoring weekly study habits, and promoting education. He also highlighted the need to ensure high productivity across permitted industrial zones for manufacturing enterprises, maintain factory operations to create job opportunities, safeguard labor rights, and monitor systematic working conditions. Furthermore, he emphasized the requirement to carry out agricultural and livestock production continuously, calculated in proportion to the population, to enable local residents to purchase and consume various types of meat, fish, eggs, and vegetables affordably and self-sufficiently. MNA

Vice President U Nyo Saw inspects completion of repairing earthquake-hit staff housing and construction of new staff housing in Nay Pyi Taw



Vice President U Nyo Saw inspects renovation of earthquake-hit buildings and construction of new buildings in Nay Pyi Taw.

Nay Pyi Taw November 7

Vice-President U Nyo Saw, accompanied by Union Minister at the President's Office U Tin Aung San, Nay Pyi Taw Council Chairman U Kan Myint Than and Deputy Minister for Construction Dr Thaung Naing this morning inspected the progress in repairing the staff housing damaged by the earthquake and completion and construction of four-storey four-unit staff housing in Nay Pyi Taw.

The Vice-President met officials responsible for the construction of new staff housing and the renovation of staff housing damaged by the earthquake at the project briefing hall in Plot No 8-A, Thukha Theikdi Ward, Nay Pyi Taw.

He stressed that civil servants in Nay Pyi Taw faced considerable difficulties in finding accommodation when their staff housing was damaged and destroyed by the powerful Mandalay earthquake. The President had given guidance to make arrangements for the construction of new buildings and the renovation of existing ones to provide civil servants with better and more comprehensive housing facilities than before, and to ensure that the work was completed on schedule. Therefore, he instructed those concerned to expedite the construction of all new staff housing and the renovation of existing staff housing, ensuring that the work is completed as soon as possible and meets the prescribed standards and quality requirements.


Next, Nay Pyi Taw Council Chairman U Kan Myint Than, Vice Mayor U Win Moe Khine and Nay Pyi Taw Council Member U Khin Maung Latt reported on the damage caused by the powerful Mandalay earthquake to government office buildings and staff housing under the Nay Pyi Taw Council, districts and townships. They also provided updates on the completion of renovation works, the handover of repaired buildings to the respective ministries, ongoing and outstanding repair works, and the progress of constructing new four-storey staff housing, each comprising four apartments, on designated plots to replace those that had been completely destroyed. They also reported on the ongoing construction works and the prospects of completing them within the stipulated timeframe.

The Vice-President reviewed and discussed the reports, coordinated necessary measures and inspected the completed construction of four-storey staff housing, each comprising four apartments at Plot No 8-A, including the apartment layouts and the installation of water storage tanks and water pumps for each building. The Vice-President also inspected the completed construction and apartment layouts of four-storey officers' housing, each comprising four apartments, at Plot No 3, as well as the renovation of earthquake-damaged four-storey staff housing blocks, each comprising six apartments, in Danatheikdi Ward and the arrangements for staff from the respective departments to resume residence there. He also gave necessary instructions to address the remaining requirements.


MNA

Systematic demolition of illegal buildings used in online scam/gambling in Shwe Kokko (Part-II) underway

Systematic ongoing demolition of the 6-story building used in online gambling operations within Shwe Kokko Part-II.



Demolition using heavy machinery.



Demolition completed.

Nay Pyi Taw November 7

In cooperation with neighbouing and regional countries, the government has taken measures to completely eradicate online scams and gambling, which have posed a threat to the global socioeconomic arena and national security and systematically carried out total demolition of illegal buildings in Shwe Kokko, where the majority of online scams and gambling were operated, so that they cannot be used again for such crimes.

In doing so, the dismantling of a 6-storey building under mechanical demolition out of scam/gambling illegal ones left for destruction in Shwe Kokko (Part-II) completed up to 90 percent today while mechanical demolition of another 5-storey building completed 30 percent so far.

A total of 63 buildings used in online scams and gambling and left for destruction in Shwe Kokko (Part-II) were classified, based on their types, for mechanical demolition, detonation and dismantling manually floor by floor due to their proximity to residences and systematic demolition works are being carried out. The systematic dismantling of nine buildings including four for detonation and five for mechanical demolition completed and plans are underway to systematically knock down the remaining 54 buildings.

100

Vice President Daw Nan Ni Ni Aye attends 71st Kayin State Day celebration



Vice President Daw Nan Ni Ni Aye observes an exhibition booth marking Kayin State Day.

Hpa-an November 7

Vice President of the Republic of the Union of Myanmar Daw Nan Ni Ni Aye attended the ceremony to mark the 71st Kayin State Day which is one of the significant days of Kayin ethnic people at the lawns in front of the Kayin State government office this morning.

The ceremony was also attended by Union Ministers U Aung Kyaw Hoe, Lt-Gen Phone Myat, U Than Maung, U Khin Maung Soe, U Myo Zaw Thein and Dr Charlie Than; Kayin State Chief Minister U Saw Myint Oo and his wife; Mon State Chief Minister U Aung Win Than; Speakers of the Kayin State and Mon State Hluttaws; the Commander of the South-East Command; a Deputy Minister; Councillors of the Union Consultative Council; the Chief Justice of the Kayin State High Court; state ministers and their wives; Kayin Ethnic Affairs Ministers from Bago Region, Tanintharyi Region, Mon State and Yangon Region; state Hluttaw representatives; representatives of ethnic armed organizations involved in the peace process; local elders; and local ethnic residents.

First, the members of the presidium took their places. All attendees saluted the State Flag of the Republic of the Union of Myanmar, followed by paying tribute to the fallen national leaders and comrades.

Next, Vice President Daw Nan Ni Ni Aye read out the message sent by President of the Republic of the Union of Myanmar Agga Maha Thray Sithu Agga Maha Thiri Thudhamma U Min Aung Hlaing to the ceremony marking the 71st Anniversary of Kayin State Day 2026. The Chief Minister of Kayin State then extended greetings.

Subsequently, the opening ceremony of the commemorative archway and exhibition booths marking Kayin State Day was held. The Vice President and party members formally opened the archway and exhibition booths by cutting the ribbons. The Vice President then inaugurated the archway commemorating the 71st Anniversary of Kayin State Day by pressing a button, after which 71 white doves of peace were released.

Next, the Vice President and members of the delegation presented cash awards to the band, pompom dance troupes, and traditional Done dance troupes, took commemorative group photos, and toured the exhibition booths displayed in commemoration of Kayin State Day.

Afterwards, they attended the award ceremony for the Kayin State Day commemorative fruits, vegetables, and floral exhibition and competition held at the booth of the Department of Agriculture under the Ministry of Agriculture, Livestock and Irrigation. During the ceremony, the Chief Minister of Kayin State delivered a briefing regarding the conferment of the honorary awards.

Following that, the Vice President and members presented cash prizes and certificates of honor to the winners of the fruits, vegetables, and floral exhibition and competition, after which a farmer on behalf of all the award-winning farmers delivered words of thanks.

In the afternoon, they visited the Hlakamyin Gymnasium in Hpa-an to watch the Kayin State Day commemorative traditional boxing competition and the KSLA Golden Belt Championship finals, presenting honorary cash awards.

Afterwards, they attended the Kayin State Day commemorative traditional rowing competition and award ceremony held on the waters of Kanthaya Lake, where they watched the final matches of the men's and women's traditional rowing races.

Subsequently, the award ceremony proceeded, during which the Vice President and members presented medals, cash awards, and championship trophies to the first, second, and third-place winners in the men's and women's traditional rowing races.

In the evening, they watched the performances of the competing traditional Done dance troupes participating in the 71st Kayin State Day commemorative traditional Kayin Done dance competition held at Thiri Grounds in Hpa-an.

MNA

World Insights: Democrats' ambition and reality after U.S. midterm election victory

Washington November 7

In the midterm elections held on Tuesday, Democrats wrested control of both the Senate and the House of Representatives from Republicans, ushering in a "blue wave," or what some have called a "blue tsunami."

Yet, beyond the Democrats' celebrations over their sweeping victory, neither voters nor political observers appear to have high expectations for possible policy changes following the midterm elections.

Observers believe that the Democrats' resounding electoral victory does not necessarily mean they have won voters' endorsement, let alone secured the political leverage needed to push through major policy shifts. With Congress and the White House controlled by opposing parties, partisan conflict is likely to intensify further. In addition, whether the Democrats can bridge the divide between the party establishment and its progressive wing will also have a bearing on their political prospects.

Media outlets and analysts pointed out that the "blue wave" in elections was driven largely by voters expressing their dissatisfaction with the administration of President Donald Trump through the ballot box. Rather than embracing the Democrats, voters were simply seeking an alternative.

A CBS News poll found that 74 percent of voters who voted for Democratic candidates were driven by a desire to oppose Trump. "Neither Democrats nor Republicans are perceived by a majority of voters as having a clear plan," the poll showed.

Multiple polls and Xinhua reporters' on-the-ground observations indicate that inflation and the rising cost of living were the issues of greatest concern to voters this year. Many blamed the Trump administration's policies for rising gasoline and food prices, particularly its decision to wage war against Iran and impose sweeping tariffs.

Xinhua

Iran's IRGC says established underground missile, drone production facilities

Tehran November 7

Iran's Islamic Revolution Guard Corps (IRGC) said Saturday its aerospace division has established underground missile and drone production facilities and is continuously increasing the range of its missiles.

"We managed to rapidly relocated the production of missiles and drones from the surface to underground (facilities)," IRGC spokesman Hossein Mohebbi said at a press conference in Tehran.

"We are constantly enhancing the range of our missiles, and we will not stop in this regard," Mohebbi said, adding all tangible and intangible assets of a "hostile country" are within Iran's reach.

He warned if the enemy renews strikes, Iran will unveil its military surprises, saying, "We are prepared without any geographical limitation to defend the country's existence, identity, and territorial integrity."

His remarks come amid heightened U.S. threats of military action against Iran, and as the U.S. Army reportedly carried out "minor" attacks targeting Iran's southern Qeshm Island early Saturday.

Iran's semi-official Tasnim news agency reported earlier in the day that two missiles hit Qeshm Island, without providing details of the damage.

U.S. President Donald Trump said Friday that U.S. forces launched new strikes targeting Iran's air defense systems, describing the military action as "minor."

This was the second strike reportedly carried out by the United States against the Iranian island this week. The Wall Street Journal, citing U.S. officials, reported Tuesday that the United States attacked the island on Monday.

Xinhua

Myanmar Tatmadaw delegation led by Commander-in-Chief of Defence Services General Ye Win Oo offers rice to monks from monasteries in Luang Prabang, visits landmarks in Luang Prabang Province



Commander-in-Chief of Defence Services General Ye Win Oo and Myanmar Tatmadaw goodwill delegation members pose for documentary phot in front of the historic Royal Palace Museum in Luang Prabang.

Nay Pyi Taw November 7 Commander-in-Chief of Defence Services General Ye Win Oo and wife Daw Nilar, accompanied by senior military officers from the Office of the Commander-in-Chief, the Deputy Chief of the General Staff of the Lao Ministry of National Defence and officials offered rice and alms to members of the Sangha at Tak Bat (morning alms-giving ceremony) near Wat Sene Monastery in Luang Prabang yesterday morning.

The traditional Lao alms-giving ceremony, known as "Tak Bat", is a fine custom that reflects Buddhist faith, traditional culture and a peaceful way of life. Every day at dawn, from 5 a.m. to 6 a.m., monks from various monasteries walk in procession to receive alms. Local residents and Buddhist devotees lay mats and small stools along the roadside and offer traditional food, mainly steamed sticky rice, into the monks' alms bowls, along with other offerings. The alms-giving ceremony is also known to be a highly popular traditional event among international tourists.

Subsequently, the Myanmar Tatmadaw goodwill delegation, led by the Commander-in-Chief of Defence Services, visited the historic Royal Palace Museum in Luang Prabang, a UNESCO World Heritage city in Laos, this morning and paid homage to the sacred Pha Bang Buddha Image. They toured the museum with keen interest, viewing the royal facilities, including the reception halls of the King and Queen, the library and bedrooms, valuable historical artefacts used by successive generations of the Lao royal family, and the royal throne. They also observed the artistic works on the palace walls, which vividly depict traditional Lao festivals and urban life in great detail. Officials accompanying the delegation provided explanations and guided them around the museum.

The General and party posed for a documentary photo. 100

Myanmar Tatmadaw goodwill delegation led by Commander-in-Chief of Defence Services General Ye Win Oo returns from Lao People's Democratic Republic

Nay Pyi Taw November 7

A Myanmar Tatmadaw goodwill delegation led by Commander-in-Chief of Defence Services General Ye Win Oo and his wife, who were on a goodwill visit to the Lao People's Democratic Republic at the invitation of Lieutenant General Saichay Kommasith, Deputy Minister of National Defence and Chief of the General Staff Department of Laos, departed from Luang Prabang International Airport in Laos yesterday afternoon.

The Myanmar Tatmadaw goodwill delegation led by the Commander-in-Chief of Defence Services and his wife was seen off at the airport by Major General Vanhthong Boudtavong, Deputy Chief of the General Staff Department of the Lao Ministry of National Defence, and his wife, the commander of the Luang Prabang Military Region Command and his wife, the Lao Military Attaché to Myanmar, the Myanmar Military Attaché (Army, Navy, and Air) and his wife, and other officials.

The Myanmar Tatmadaw delegation led by the Commander-in-Chief of Defence Services and his wife arrived back at Nay Pyi Taw Airport in the evening. They were welcomed at the airport by Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) General Kyaw Swa Lin and his wife Daw Nan Kue Ku, Commander-in-Chief (Navy) Admiral Htein Win and his wife, Commander-in-Chief (Air) General Tun Win and his wife, senior military officers from the Office of the Commander-in-Chief of Defence Services, the Commander of the Nay Pyi Taw Command, and officials from the Embassy of the Lao People's Democratic Republic and the Defence Attaché Office in Myanmar.

During the visit, the Myanmar Tatmadaw delegation led by the Commander-in-Chief of Defence Services met with the Deputy Minister of National Defence and Chief of the General Staff Department of Laos, the Deputy Prime Minister and Minister of National Defence of the Lao People's Democratic Republic, and the Prime Minister of the Lao People's Democratic Republic to discuss matters related to enhancing friendly relations and cooperation between the armed forces of the two countries, and also visited and paid homage at historical pagodas, stupas, monasteries, and prominent landmarks in Laos. 100



Commander-in-Chief of Defence Services General Ye Win Oo being welcomed back on his return from Laos.

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

ချစ်စရာအရွယ် စာဖတ်မယ်

ကိုယ်ချင်းစာစိတ်

ကလေးတို့ရေ ဒီတစ်ပတ် ဦးဦးပြောပြမဲ့ ပုံပြင်လေးကတော့**"ကိုယ်ချင်းစာစိတ်"**ဆိုတဲ့ ပုံပြင်ကလေးပဲဖြစ်ပါတယ်ကွယ်။

တစ်ခါတုန်းက ရွာတစ်ရွာမှာ မောင်ညိုဆိုတဲ့ လယ်သမားတစ်ယောက်ရှိတယ်။ လယ်သမားဆိုပေမဲ့ လယ်တစ်ကွက်ပဲပိုင်ဆိုင်ပြီး ဗလလို့ခေါ်တဲ့ ခိုင်းနွားတစ်ကောင်မွေးထားသတဲ့။ မောင်ညိုဟာ အိပ်နေတဲ့ နွားဗလကို ကြိမ်လုံးနဲ့ရိုက်နှိုးပြီး လယ်ထွန်သွားဖို့ နေ့တိုင်းခေါ်တယ်။နွားဗလက "ကျွန်တော်အိပ်ရေးမဝသေးလို့ပါ" ပြောလည်း "မင်းအလုပ်လုပ်ရမယ်ဆိုတာ မသိဘူးလား၊အိပ်မနေနဲ့ လာသွားမယ် "ဆိုပြီးအတင်းခေါ်သွားခိုင်းစေလေ့ရှိတယ်။ နွားဗလဟာ ညက အစာကောင်းကောင်းမစားရဘဲ အိပ်ပျော်သွားခဲ့လို့ အလုပ်လုပ်ရင်းဗိုက်ကဆာ၊အလွန်လဲ ပင်ပန်းနေတာပေါ့ကွယ်။ သခင်ကိုလဲ ဗိုက်ဆာတဲ့အကြောင်း မပြောရဲဘူး။ အလုပ်လုပ်ချိန်မှာ အစာတောင်းရမလားဆိုပြီး ရိုက်မှာကြောက်နေရတယ်။ နွားဗလရဲ့သခင် မောင်ညိုကတော့ ယူလာတဲ့ထမင်းနဲ့ဟင်းကို ထုတ်စားနေတာပေါ့ကွယ်။

တစ်နေ့မှာ လယ်ယာတွေအများကြီးပိုင်တဲ့ သူဌေးကြီးဦးဘောဂဟာမောင်ညိုဆီရောက်လာပြီး "မင်းမှာ နွားတစ်ကောင်ရှိတယ်ဆိုလို့လာတာ။ ငါ့လယ်တွေထွန်ဖို့ မင်းနွားကိုငှားပါလား။ တစ်နေ့ကို အသပြာတစ်သောင်းပေးမယ်။မင်းဘာမှ လုပ်စရာမလိုဘူးလို့ပြောတော့ လောဘကြီးတဲ့မောင်ညိုလဲ ပင်ပန်းနေတဲ့နွားဗလကိုခါတိုင်းလိုပဲ မညှာမတာရိုက်ပြီး လယ်ထွန်ခိုင်းပြန်သတဲ့။ ဒီတော့ နွားဗလကငါနွားဖြစ်ရတာ သခင်ရဲ့ မညှာမတာခိုင်းတာကိုပဲခံရတယ်။ အစာလဲကောင်းကောင်းမစားရဘူး။ သခင်ကျွေးတဲ့ မြက်ထုံးလေးနဲ့ကောက်ရိုးခြောက်တွေပဲ မဝမလင်စားရတယ်။ ဒါကြောင့် တစ်ခါလောက်တော့ နွားဘဝကနေ လူသခင်ဘဝဖြစ်ချင်ပါတယ်။ သခင်ကို နွားဘဝ ခေတ္တဖြစ်စေချင်တယ်။ကျွန်တော်မျိုးအလိုကိုဖြည့်ဆည်းပေးစေချင်ပါတယ် ဘုရားလို့ တိုင်တည်လိုက်တယ်။ အဲဒီခဏမှာပဲ လေကလေးတဖြူးဖြူးတိုက်လာပြီး နွားဗလလဲ နွားဘဝကနေ သူ့သခင် မောင်ညို ပုံစံဖြစ်သွားတာပေါ့ကွယ်။ အခန်းထဲမှာ အိပ်နေတဲ့ မောင်ညိုလဲ နွားဘဝပြောင်းသွားသတဲ့။ လူတစ်ဖြစ်လဲ နွားဗလက နွားတစ်ဖြစ်လဲ မောင်ညိုကို တုတ်နဲ့ရိုက်နှိုးပြီး လယ်ထွန်သွားဖို့ခေါ်လိုက်တယ်။ နွားမောင်ညိုလဲ ငါ့ကိုဘာဖြစ်လို့ လယ်ထွန်ခိုင်းရတာလဲ၊ငါကလူမဟုတ်ဘူးလားဆိုပြီး မိမိကိုယ်ကို ကြည့်လိုက်တော့ နွားဖြစ်နေတာတွေ့ရတယ်။ဒါနဲ့ နွားဗလတုတ်နဲ့ရိုက်နှိုးတိုင်း လယ်ထွန်လိုက်ရတယ်တဲ့။ လူဘဝတုန်းကလို အစာကောင်းကောင်းမစားရဘဲ မြက်စိမ်းတချို့နဲ့ ကောက်ရိုးခြောက်တွေပဲ စားနေရတာပေါ့ကွယ်။



တစ်နေ့မှာ သူဌေးကြီးဦးဘောဂကသတင်းကြားပြီး ခွန်အားကောင်းကောင်းတပည့်နှစ်ယောက်နဲ့ အတူ မောင်ညိုတို့အိမ်ဘက်ရောက်လာတယ်။ မောင်ညိုတို့အိမ်ရောက်တယ်ဆိုရင်ပဲ ကဲ့ရဲ့လူတွေ ဒီအိမ်က မောင်ညိုဟာ သူ့နွားပြန်ရနေပါလျက်နဲ့ ငှါပိုက်ဆံကိုလိမ်ယူတယ်။ သူ့ကို ကောင်းကောင်းဆုံးမလိုက်စမ်းဆိုတော့ လူတစ်ဖြစ်လဲ နွားဗလကိုဝိုင်းထိုးကြိတ်ကြပါလေရော။ပြီးတော့ နွားတစ်ဖြစ်လဲ မောင်ညိုကိုလဲ ခိုင်းဖို့ဆွဲခေါ်သွားကြသတဲ့ကွယ်။ သူဌေးကြီးက မောင်ညိုကို သူ့နွားတင်းကုပ်မှာချည်ထားတယ်။ နောက်နေ့ကျရင် လယ်ထွန်ခိုင်းရမယ်လို့ တွေးတောစီစဉ်ထားတာပေါ့ကွယ်။

လူတစ်ဖြစ်လဲနွားဗလလဲ အင်း လူဖြစ်ရတာလဲ မလွယ်ပါလား။ ကြွေးမြီတွေ၊ ကတိတွေနဲ့ တော်တော် ရှုပ်တာပဲ။အခန့်မသင့်ရင် လူမိုက်တွေရဲ့ ထိုးကြိတ်စော်ကားတာခံရသေးတယ်။ ငါလဲ ကိုယ်ချင်းစာပါပြီ။အရင်လို နွားဘဝပဲပြန်လိုချင်ပါတယ် ဘုရားလို့ တိုင်တည်လိုက်တယ်။အဲဒီနောက်မှာတော့ နွားဗလဟာ နွားဘဝပြန်ရသွားပါတယ်။ သူဌေးကြီးဦးဘောဂလဲ နွားတင်းကုပ်ထဲ နွားသွားဆွဲတဲ့အချိန်မှာ နွားကိုမတွေ့ရဘဲ ကြိုးနဲ့ချည်ထားတဲ့ နွားကနေလူပြန်ဖြစ်သွားတဲ့ မောင်ညိုကိုပဲတွေ့ရတယ်။ မောင်ညိုက သူဌေးကြီး ကျွန်တော်လယ်ထွန်ပေးရမှာလား လို့မေးတော့ ဟာ မောင်ညိုဦးနောက်ပျက်သွားပြီလား၊ မင်းက လူပဲ ဘာလို့လယ်ထွန်ခိုင်းရမှာလဲလို့ပြောလိုက်တယ်။ မောင်ညိုလဲ သူလူပြန်ဖြစ်နေတာ သတိထားမိပြီး ကျွန်တော် သူဌေးကြီးရဲ့ငွေတွေပြန်ဆပ်နိုင်အောင်ကြိုးစားပါ့မယ်။ ကျွန်တော့်ကို ပြန်ခွင့်ပေးပါလို့ပြောပြီး အိမ်ပြန်လာခဲ့တာပေါ့ကွယ်။

အိမ်ကိုပြန်ရောက်တော့ နွားဗလလဲ မောင်ညိုက ရိုက်ပြီးခိုင်းတော့မှာပဲလို့ တွေးထင်ထားပေမဲ့ မရိုက်တဲ့အပြင် အစာမြက်ကောင်းကောင်းတွေ ဝဝကျွေးတယ်။ နှားနားနေနေထားတာလဲတွေ့တော့ သူ့သခင်ရဲ့စိတ်ထားပြောင်းသွားတာသိပြီး နွားဗလဝမ်းသာနေတာပေါ့ကွယ်။ သခင်မောင်ညိုအတွက် အလုပ်ကောင်းကောင်းလုပ်ပေးဖို့ နွားဗလလဲ အားမွေးနေပါတော့တယ်ကွယ်။

ကလေးတို့ရေ ဒီပုံပြင်ကလေးကိုနားထောင်ပြီး အချင်းချင်း ကိုယ်ချင်းစာစိတ်၊ သနားကြင်နာစိတ် ရှိကြရမယ်ကွဲ့နော်။ အချင်းချင်းကိုယ်ချင်းစာစိတ်နဲ့ မေတ္တာထားနိုင်ရင် ပျော်မွေ့ဖွယ်ကောင်းတဲ့ဘဝတွေကိုရကြမယ်ဆိုတာ ကလေးတို့ နားလည်ကြရမယ်နော်။

ညွှန့်ဝင်း(နတ်တလင်း)

နံနက်ခင်း

- နံနက်ခင်းမှာ ရောင်နီလာကြက်ဖတွန်သံသာ။
- ရောင်စုံဖြာတဲ့ မိုးသောက်ပန်းသင်းနံ့ထုံလို့လန်း။
- ဘုရားခန်းမှာ ဆွမ်းတော်တင်ရေချမ်းပန်းလှူချင်။
- ကြေးစည်သံလွင် အမျှကမ်းသာဓုသံချိုလွမ်း။ ။



မန်းတင့်မော်

ပန်းတိုင်ဆီသို့

- ငယ်စဉ်ချိန်မှာ ပညာရှာရည်မှန်းချက်ရှိပါ။
- ပန်းတိုင်ဆိုတာ ရှိပါမှဘဝခရီးလှ။
- ဖွဲလုံလုံကို ရှေ့တန်းတင်ကြိုးစားအမြဲပင်။
- အောင်မြင်ဖို့ရန် စွမ်းအားထုတ်နောက်သို့ဘယ်မဆုတ်။ ။



မောင်ကြည်လင်(ရွှေကြိုးကြာ)





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် Myanmar Japan Technological Development Centre –1 ရှိ ဓာတ်ခွဲခန်းများအတွင်း စမ်းသပ်စစ်ဆေးခြင်းလုပ်ငန်းများဆောင်ရွက်နိုင်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားစဉ်။

ရွှေဖုံးမှအဆက်

လှိုင်သာယာမြို့နယ်နှင့် ရွှေပြည်သာမြို့နယ်တို့အတွင်း မြို့ပြဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်သမ္မတသည် ရန်ကုန်နည်းပညာတက္ကသိုလ်သို့ ရောက်ရှိရာ ပြည်ထောင်စုဝန်ကြီးများ၊ တက္ကသိုလ်ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ဆရာ၊ ဆရာမများက ရင်းရင်းနှီးနှီးကြိုဆို နှုတ်ဆက်ကြသည်။

ထို့နောက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က ရန်ကုန်နည်းပညာတက္ကသိုလ်ပုံစံငယ်ကို ကြည့်ရှုစစ်ဆေးပြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဆက်လက်ပြီး တက္ကသိုလ်အစည်းအဝေးခန်းမ၌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရန်ကုန်နည်းပညာတက္ကသိုလ်၏ သမိုင်းအကျဉ်း၊ သင်ကြားရေးဆိုင်ရာ ဆရာ၊ ဆရာမများခန့်အပ်ထားရှိမှုနှင့်ပညာသင်နှစ်များအလိုက် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားလျက်ရှိမှု၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဝန်ထမ်းများအတွက် အိပ်ဆောင်များလိုအပ်လျက်ရှိမှု၊ အားကစားရုံနှင့် အားကစားကွင်းများတွင် ကျောင်းသား၊ ကျောင်းသူများ ကိုယ်လက်လှုပ်ရှား အားကစားဆောင်ရွက်လျက်ရှိမှု၊ တက္ကသိုလ်အတွက် အပန်းဖြေရိပ်သာ (RC)အဆောက်အအုံ လိုအပ်လျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ရန်ကုန်နည်းပညာတက္ကသိုလ်ပုံစံငယ်ကို ကြည့်ရှုစစ်ဆေးပြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက အားကစားကွင်းများအဆင့်မြှင့်တင်ခြင်းဆောင်ရွက်ရာတွင် ဝင်ထွက်လမ်းများ စနစ်တကျဖြစ်စေရေးနှင့် ကျောင်းသား၊ ကျောင်းသူများ ကိုယ်လက်လှုပ်ရှား အားကစားခြင်းများ ဆောင်ရွက်နိုင်ရန်နှင့် အားကစားပွဲများကို ပုံစံတကျကျင်းပနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ RC အဆောက်အအုံတည်ဆောက်ရာတွင် ကျောင်းသား၊ ကျောင်းသူများ သွားလာမှုလွယ်ကူသည့် နေရာကိုရွေးချယ်၍ တွက်ချက်တည်ဆောက်သွားရန်၊ ခေတ်နှင့်လျော်ညီသည့် အဆောက်အအုံပုံစံဖြစ်စေရေး စနစ်တကျဒီဇိုင်းကြိုတင်ရေးဆွဲတည်ဆောက်သွားရန် လိုကြောင်း မြေနေရာနှင့် Myanmar Japan Technological Development Centre – 2 အတွင်းရှိ သစ်သား၊ သံ၊ သတ္တု၊ ကွန်ကရစ်၊ မြေသားစသည့်ဒြပ်ထုများ၏ ခံနိုင်ရည်စမ်းသပ်ခန်းများအတွင်း လက်တွေ့ဆောင်ရွက်နိုင်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် သိရှိလိုသည်များ မေးမြန်းဆွေးနွေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် တက္ကသိုလ်အားကစားကွင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အားကစားကွင်း အဆင့်မြှင့်တင်နိုင်ရေး အတွက် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ဌေး၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခေတ္တအုပ်ချုပ်ရေးမှူး၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့် အငြိမ်းစားအရာရှိကြီးများ၊ ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် ပြည်သူနှင့်တိုက်ရိုက်ထိတွေ့ဆက်ဆံရသည့်ဌာနဖြစ်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခြေခံဦးစီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပေးရသည့် ဌာနဖြစ်ပါကြောင်း၊ အဂတိတရားကင်းရှင်းစွာဖြင့် ဥပဒေနှင့်အညီ ဝန်ဆောင်မှုပေးပြီး စံနမူနာပြ ဝန်ထမ်းများဖြစ်စေရန် စဉ်ဆက်မပြတ် ကြိုးစား၍ လေ့ကျင့်တည်ဆောက်နေကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။





ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့က တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများအတွက် ဝတ်စုံများကို သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများထံ ပေးအပ်ကြပြီး အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏သမိုင်းကြောင်းဖြစ်စဉ်ပြသသည့် Video Clip ကို ကြည့်ရှုကြသည်။

အခမ်းအနား ဒုတိယပိုင်းအစီအစဉ်အဖြစ် ဦးစီးဌာနမှ ဝန်ထမ်းများ၏ ကလေးများ ပြုစုစောင့်ရှောက်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ ကစားနည်းများ ဆော့ကစားခြင်း၊ ပန်းချီကားဆွဲခြင်း၊ ကလေးများ၏ ဖခင်များနှင့် ဆွေးနွေးခြင်း စသည့် ကလေးများ၏ နေ့ရက်ကို ဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်းပါဝင်ကစားခြင်း၊ ဦးစီးဌာနမှ ဝန်ထမ်းများ၏ ကလေးများ ပြုစုစောင့်ရှောက်ရေး ဦးစီးဌာနမှ အငြိမ်းစားအရာရှိကြီးများကို ၃၈ နှစ်မြောက်နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဂါရဝလက်ဆောင်ပစ္စည်းများ ဂုဏ်ပြုပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

မျိုးကျော်



လူသားချင်းစာနာထောက်ထားမှုနှင့် သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးလေ့ကျင့်ခန်း(HADR-2026)၌ မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် အိန္ဒိယတပ်မတော်(ကြည်း၊ ရေ၊ လေ)တို့မှ တာဝန်ရှိသူများ စုပေါင်းဓာတ်ပုံရိုက်စဉ်။



အိန္ဒိယတပ်မတော်ဆေးအဖွဲ့၏ Field Hospital / MI Room အတွင်း မြန်မာကိုယ်စားလှယ်အဖွဲ့ သရုပ်ပြနေမှုကို တွေ့ရစဉ်။

❍ **မြန်မာကိုယ်စားလှယ်အဖွဲ့မှ**

တက်ရောက်ပါဝင် လေ့ကျင့်နိုင်ရန်အတွက် နိုဝင်ဘာ ၄ ရက် နေ့လယ်ပိုင်းတွင် အိန္ဒိယတပ်မတော်လေယာဉ်ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အိန္ဒိယနိုင်ငံ ချန်နိုင်မြို့သို့ ထွက်ခွာခဲ့သည်။ လေ့ကျင့်ခန်းကာလအတွင်း မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့သည် Flag Officer Commanding Tamil Nadu and Puducherry Naval Area (FOTNA) မှ Rear Admiral Upal Kundu, VSM အား တမီးနာဒူးနှင့် ပူဒူချယ်ရီ ရေတပ်ဌာနချုပ်၌ ဂါရဝပြတွေ့ဆုံခြင်း၊ အိန္ဒိယတပ်မတော်(ကြည်း၊ ရေ၊ လေ)တို့မှ တာဝန်ရှိသူများ၏သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေး ဆောင်ရွက်ချက်များ ရှင်းလင်းမှုတို့ကို လေ့လာခြင်း၊ မြန်မာ့တပ်မတော်မှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်က သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးလုပ်ငန်းများတွင် မြန်မာ့တပ်မတော်၏အခန်းကဏ္ဍကို ရှင်းလင်းဆွေးနွေးခြင်း၊ ဆိုင်ကလုန်းအခြေပြုစားပွဲတင်လေ့ကျင့်ခန်းများ ပြုလုပ်ခြင်း၊ Adyar ရေတပ် အခြေစိုက်စခန်းကမ်းခြေ၌ ပြုလုပ်သည့် ရေဘေးကယ်ဆယ်ရေးအဖွဲ့ (Flood Relief Column) ပါဝင်သောဖွဲ့စည်းပုံနှင့်ပစ္စည်းများကို သရုပ်ပြသခြင်း၊ ဒရုန်းဖြင့်ရှာဖွေကယ်ဆယ်ခြင်း၊ အင်ဂျင်နီယာလုပ်ငန်းတာဝန်အဖွဲ့ (Engineering Task Force)၏ ဖွဲ့စည်းပုံနှင့် ပစ္စည်းများကို သရုပ်ပြရှင်းလင်းခြင်း၊ HADR ဆိုင်ရာ ယာယီတံတားဆောက်လုပ်ခြင်းနှင့် အတားအဆီးရှင်းလင်းခြင်း ဆိုင်ရာ သရုပ်ပြသမှုများကို လေ့လာခြင်း၊ သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေး ပစ္စည်း(HADR Bricks)များကို ခင်းကျင်းပြသမှုများအား လေ့လာခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထို့ပြင် သဘာဝဘေးကယ်ဆယ်ရေး တပ်ဖွဲ့သုံးပစ္စည်းများ၊ သဘာဝဘေးဒဏ်ခံရသူများအတွက် နေရာထိုင်ခင်းနှင့် အသုံးအဆောင်ပစ္စည်းများ၊ စုပေါင်းမီးဖိုချောင်သုံးပစ္စည်းများနှင့် အစားအစာများ၊ ဆက်သွယ်ရေးပစ္စည်းကိရိယာများ၊ Flood Relief Team မှ တစ်ဦးချင်းအသုံးပြုသည့် ပစ္စည်းများ ခင်းကျင်းပြသမှု၊ Advanced Light Unity Helicopter အပေါ်၌ လူနာများတင်ဆောင်နိုင်ရေး ဆောင်ရွက်ထားရှိမှုနှင့် သဘာဝဘေးကယ်ဆယ်ရေးပစ္စည်းများတင်ဆောင်ထားရှိမှု၊ အိန္ဒိယတပ်မတော်ဆေးအဖွဲ့၏ Field Hospital/MI Room ဆောင်ရွက်ထားရှိမှု၊ အိန္ဒိယတပ်မတော်ရေတပ်မှ Chetak အမျိုးအစား ရဟတ်ယာဉ်ဖြင့် ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်းများကို Air Drop ချခြင်းကို သရုပ်ပြသမှုများ၊ အိန္ဒိယလေတပ်မှ ALH Helicopter အမျိုးအစားရဟတ်ယာဉ်ဖြင့် ပင်လယ်ပြင်ကမ်းစပ်တစ်လျှောက် ရှာဖွေကယ်ဆယ်ဆောင်ရွက်ခြင်း၊ လူနာကို လူနာထမ်းစင်ဖြင့် Hoisting Motor အသုံးပြု၍ ရဟတ်ယာဉ်ပေါ်သို့ တင်ချုပြုလုပ်ခြင်း၊ ရဟတ်ယာဉ်ဖြင့် လူနာပို့ဆောင်ခြင်းစသည့် သရုပ်ပြလေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြကြောင်းနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ကို အိန္ဒိယစစ်ရေယာဉ်ပေါ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြကြောင်း သိရသည်။

အဆိုပါ မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နေ့လယ်ပိုင်းတွင် အိန္ဒိယတပ်မတော်လေယာဉ်ဖြင့် မြန်မာနိုင်ငံ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)



အိမ်တွင်းသုံးရေချွေတာရေး

ပိုက်ယိုစိမ့်မှုများကို စစ်ဆေးပါ၊ ရေပိုက်ခေါင်းများ၊ ရေစည်ပိုင်းများ ကျိုးပျက်ယိုစိမ့်နေခြင်း ရှိ/မရှိ ပုံမှန်စစ်ဆေးပြီး အမြန်ပြုပြင်ပါ။



အိမ်တွင်းသုံးရေချွေတာရေး

အဝတ်လျှော်ရာတွင် တစ်ထည်ချင်း/နည်းနည်းချင်း မလျှော်ဘဲ ပေါင်းလျှော်ပါ။ အဝတ်လျှော်စက်သုံးလျှင် တစ်ခါတည်း စုပြီးလျှော်ပါ။ ပန်းကန်ဆေးစက် အသုံးပြုရာတွင်လည်း စက်က ဆေးကြောနိုင်သည့် ပန်းကန်အရေအတွက်အထိစောင့်၍ စုစည်းဆေးကြောပါ။



အိမ်တွင်းသုံးရေချွေတာရေး

ရေကို စနစ်တကျအသုံးပြုမှု အလေ့အထများကို အသိပညာပေး မျှဝေပါ။ မိမိတို့၏ အသုံးအဝန်း၊ လုပ်ငန်းခွင်၊ သူငယ်ချင်းများနှင့် မိသားစုအတွင်း ရေချွေတာသုံးစွဲခြင်း၏ အရေးပါပုံကို အသိပညာပေးမျှဝေခြင်းဖြင့် ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်။

စက်တင်ဘာ ၂၁ ရက်မှ ၂၂ ရက်အထိ နေပြည်တော်၌ ကျင်းပခဲ့သည့် လယ်ယာလွှဲဖွဲ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ ခင်ဇာကျော်၏ ဆီထွက်သီးနှံ နှမ်းနှင့် ပဲပုပ် တိုးချဲ့ထုတ်လုပ်ခြင်းဖြင့် ပြည်တွင်းစားသုံးဆီဖူလုံရေးမှသည် ပြည်ပတင်ပို့နိုင်ရေး စာတမ်းကောက်နုတ်ချက်

၁။ မြန်မာနိုင်ငံတွင် လူဦးရေတိုးတက်လာသည်နှင့်အမျှ ဆီစားသုံးမှုများပြားလာသကဲ့သို့ပြည်တွင်းစားသုံးဆီထုတ်လုပ်မှုမှာ လုံလောက်မှုမရှိသဖြင့် ပြည်ပမှ စားအုန်းဆီကို နှစ်စဉ်တင်သွင်းလျက်ရှိပါသည်။ ပြည်တွင်းစားသုံးဆီအဖြစ် ထုတ်လုပ်ရာတွင် မြေပဲ၊ နှမ်းနှင့် နေကြာသီးနှံတို့ကို အဓိကထား၍ စိုက်ပျိုးထုတ်လုပ်လျက်ရှိပါသည်။ မြေပဲ၊ နှမ်းနှင့် နေကြာသီးနှံများမှရရှိသော စားသုံးဆီကို စားသုံးသူအများစု စားသုံးလျက်ရှိပြီး လက်ရှိအချိန်တွင် ပဲပုပ်ဆီကိုလည်း စားသုံးလာကြပါသည်။ ဆီထွက်သီးနှံတစ်မျိုးစီတွင် ပါဝင်သည့် အာဟာရဓာတ်များမတူညီကြသောကြောင့် ဆီထွက်သီးနှံမျိုးစုံ စိုက်ပျိုးခြင်းဖြင့် စားသုံးသူများအနေဖြင့်လည်း မိမိတို့ကြိုက်နှစ်သက်သောဆီကို ရွေးချယ်ဝယ်ယူနိုင်မည့် အခွင့်အလမ်း ပိုမိုရရှိလာနိုင်မည်ဖြစ်ပြီး ပြည်တွင်းစားသုံးဆီဖူလုံမှုကိုလည်း အထောက်အကူဖြစ်စေမည်ဖြစ်ပါသည်။

၂။ ဆီကြိတ်ပဲပုပ်အပါအဝင် ဆီထွက်သီးနှံများကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ၉ ဒသမ ၃၉ ကောသန်း စိုက်ပျိုးခဲ့ပါသည်။ စုစုပေါင်းထွက်ရှိမှုမှ ပြည်တွင်းတွင် မျိုးအဖြစ် ပြန်လည်အသုံးပြုသည့်ပမာဏ၊ စားသုံးမှုပမာဏနှင့် စားသောက်ကုန်ထုတ်လုပ်မှုပမာဏတို့ကို နုတ်ပယ်ပြီးနောက် ကျန်ရှိသည့် ပမာဏကို ဆီကြိတ်ခွဲသည်ဟုယူဆ၍ တွက်ချက်ရာတွင် ဆီတန်ချိန် ၁ သန်းကျော် ရရှိပါသည်။ လူဦးရေ ၅၁ ဒသမ ၃ သန်းအတွက် တစ်ဦးလျှင် တစ်နှစ်ဆီစားသုံးမှု ၆ ပိဿာနှုန်းဖြင့် ဆီတန်ချိန် ၅ သိန်းကျော် လိုအပ်မည်ဖြစ်ပြီး ဆီဖူလုံမှု ၂၀၀ ရာခိုင်နှုန်းရှိကြောင်း တွက်ချက်ရရှိပါသည်။ တွက်ချက်မှုအရ ဆီဖူလုံမှုရှိသော်လည်း ပြည်တွင်းစားသုံးဆီ စားသုံးရန်နှင့် စက်မှုလုပ်ငန်းများတွင် အသုံးပြုရန်အတွက် စားအုန်းဆီကို နှစ်စဉ်တန်ချိန် ၅ သိန်းမှ ၆ သိန်းအထိ တင်သွင်းနေရဆဲဖြစ်ပါသည်။ ထို့ကြောင့် စားအုန်းဆီတင်သွင်းရာ၌ စက်မှုလုပ်ငန်းများတွင် မဖြစ်မနေအသုံးပြုရန် လိုအပ်သော ပမာဏကိုသာ တင်သွင်းပြီး စားသုံးဆီကို ပြည်တွင်းတွင်ထွက်ရှိသည့် ဆီထွက်သီးနှံများမှ ထွက်ရှိသော ဆီကိုသာ စားသုံးနိုင်ကြရန်၊ စားသောက်ကုန်လုပ်ငန်းများတွင် အသုံးပြုရန်နှင့် အစေ့အဆန် ပြည်ပတင်ပို့ရန်အတွက် လုံလောက်မှုရှိစေရန် နှမ်းနှင့်ပဲပုပ်သီးနှံကို တိုးချဲ့ထုတ်လုပ်နိုင်ရန် လိုအပ်ပါသည်။

၃။ နှမ်းသီးနှံကို မိုးခေါင်ဒဏ်ခံနိုင်ခြင်း၊ အခြားသီးနှံများနှင့် သီးပြတ်စိုက်ပျိုးနိုင်ခြင်း၊ မိသားစုဆီဖူလုံမှုအတွက် စားသုံးဆီရရှိခြင်း၊ ပြည်ပပို့ကုန်ဈေးကွက်ရှိသဖြင့် ဈေးကောင်းရရှိနိုင်ခြင်းတို့ကြောင့် တောင်သူများ စိုက်ပျိုးကြခြင်းဖြစ်ပါသည်။ နှမ်းစိုက်ပျိုးရာတွင် တောင်သူများအနေဖြင့် အပင်ကျပ်လွန်းခြင်း၊ ကျဲလွန်းခြင်းမဖြစ်စေဘဲ သတ်မှတ်အပင်ဦးရေဝင်ဆံ့အောင် စိုက်ပျိုးခြင်း၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများကို စနစ်တကျထည့်သွင်းခြင်း၊ နှမ်းခင်းအတွင်း စုပ်ပိုးကျရောက်မှုကို စနစ်တကျကာကွယ်နိုမ်နင်းခြင်းဖြင့် နှမ်းဖိုရောဂါကျရောက်မှုကို နည်းပါးစေခြင်း၊ ရေလိုအပ်ချိန်တွင် ရေပေးသွင်းနိုင်ခြင်းတို့ကို ဆောင်ရွက်နိုင်ပါက နှမ်းသီးနှံအနေဖြင့် ပန်းတိုင်အထွက်နှုန်း ထွက်ရှိနိုင်မည်ဖြစ်ပါသည်။ ပြည်ပသို့ ဆီထွက်သီးနှံများ တင်ပို့နိုင်မှုကို လေ့လာရာ၌ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် တန်ချိန် ၂၅၁၁၁၉ ဒသမ ၀၅၄ တင်ပို့နိုင်ခဲ့ပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ၁၃-၃-၂၀၂၆ နေ့အထိ တန်ချိန် ၁၁၈၉၃၆ ဒသမ ၅၉၂ တင်ပို့နိုင်ခဲ့ပါသည်။ နှမ်းအထွက်နှုန်းကို လက်ရှိအထွက်နှုန်းဖြစ်သည့် တစ်ဧက ၁၀ တင်းနှုန်းထက် ပိုမိုထွက်ရှိအောင် ဆောင်ရွက်နိုင်ပါက ပြည်တွင်းသုံးစွဲမှုနှင့် ပြည်ပတင်ပို့ခြင်းများကို ပိုမိုလုပ်ဆောင်နိုင်မည်ဖြစ်ပါသည်။

၄။ ပဲပုပ်သီးနှံမှ ပရိတင်းကြွယ်ဝသော သီးနှံဖြစ်ပြီး စားသုံးသူများ၏ ကျန်းမာရေးအတွက် အထောက်အကူပြုသည့် စားသုံးဆီနှင့် တိရစ္ဆာန်အစာစပ်စက်ရုံများမှ လိုအပ်သည့် ပဲပုပ်ကြိတ်ဖတ်ကို ရရှိနိုင်ပါသည်။ ပဲပုပ်ကြိတ်ဖတ်ကို တိရစ္ဆာန်အစာအဖြစ် အသုံးပြုရာတွင် ပြည်တွင်းအစာစပ်စက်ရုံများမှ တစ်နှစ်လျှင် ပဲပုပ်ကြိတ်ဖတ်တန်ချိန် ၃ ဒသမ ၇ သိန်းခန့် အသုံးပြုလျက်ရှိပါသည်။ လက်ရှိပြည်တွင်းတွင် စိုက်ပျိုးထွက်ရှိသည့် ပဲပုပ်အားလုံးကို ဆီကြိတ်နိုင်ပါက ကြိတ်ဖတ်တန်ချိန် ၂ သိန်းကျော် ရရှိနိုင်မည်ဖြစ်ပြီး တစ်ဧက အထွက်နှုန်းတိုးတက်ရန် ဆောင်ရွက်ခြင်းနှင့် လက်ရှိစိုက်ပျိုးလျက်ရှိသည့် ပဲပုပ်စိုက်ဧရိယာများကို ဆီကြိတ်ပဲပုပ် စိုက်ပျိုးနိုင်ပါက ပြည်တွင်းစားသုံးဆီ ကြိတ်ခွဲခြင်းနှင့် အစာစပ်စက်ရုံများအတွက် ကုန်ကြမ်းရရှိနိုင်မည့်အပြင် ပိုလျှံသည့်ပမာဏကို ပြည်ပသို့ တင်ပို့ရောင်းချနိုင်မည် ဖြစ်ပါသည်။

> **“ ပြည်တွင်းစားသုံးဆီဖူလုံစေရန်နှင့် ပြည်ပတင်ပို့မှုတိုးတက်ရန် ရည်မှန်းချက်ပြည့်မီရေးအတွက် ဆီထွက်သီးနှံများကို ထုတ်လုပ်မှုတိုးချဲ့ခြင်းဖြင့် ဆောင်ရွက်ရာ၌ ထုတ်လုပ်မှုပမာဏသာမက ထုတ်ကုန်အရည်အသွေးကောင်းမွန်ရေးကိုလည်း ထုတ်လုပ်မှုအဆင့်တိုင်းတွင် ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်းဖြင့် ပြည်တွင်း ဆီထွက်သီးနှံကဏ္ဍ၏ ယှဉ်ပြိုင်နိုင်စွမ်း မြင့်မားလာကာ တောင်သူများ ဝင်ငွေတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိရေး၊ အာဟာရဖူလုံရေးနှင့် စိုက်ပျိုးစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတို့ကို ရေရှည်အထောက်အကူပြုနိုင်မည် ”**

၅။ ကုန်ချောထုတ်လုပ်သည့်ကဏ္ဍတွင် ဆီစက်လုပ်ငန်းရှင်များနှင့် အစာစပ်လုပ်ငန်းရှင်များအနေဖြင့် ဆီထွက်သီးနှံ စိုက်ပျိုးသူတောင်သူများနှင့် တိုက်ရိုက်ထိတွေ့ပြီး ကန်ထရိုက် လယ်ယာစနစ်ဖြင့် ဝယ်ယူခြင်းကို ဆောင်ရွက်နိုင်ပါက အရည်အသွေးပြည့်မီသည့် ကုန်ကြမ်းများကို ဝယ်ယူရရှိနိုင်မည့် အခွင့်အလမ်း ပိုမိုရရှိလာမည်ဖြစ်ပါသည်။ ကန်ထရိုက်လယ်ယာစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် စိုက်ပျိုးသူတောင်သူများအနေဖြင့်လည်း အရည်အသွေး ကောင်းမွန်သည့်သီးနှံများကိုစိုက်ပျိုးထုတ်လုပ်နိုင်မည့် နည်းပညာနှင့် အရင်းအနှီးကို ရရှိနိုင်မည်ဖြစ်ပြီး ထွက်ရှိသည့် သီးနှံအတွက် သေချာသည့် ဈေးနှုန်းနှင့် ဈေးကွက်ရရှိနိုင်မည်ဖြစ်ပါသည်။

၆။ နှမ်းနှင့် ပဲပုပ်စိုက်ပျိုးထုတ်လုပ်မှုကို တိုးချဲ့ခြင်းဖြင့် ပြည်တွင်းဆီထွက်သီးနှံများ ထုတ်လုပ်မှုတိုးတက်ခြင်း၊ ဆီကြိတ်ခွဲမှုနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးလာခြင်းနှင့် ပြည်ပမှ ကြိတ်ဖတ်တင်သွင်းမှုကို အစားထိုးနိုင်ခြင်းနှင့် ပိုလျှံမှုကို ပြည်ပသို့ အစေ့အဆန်နှင့် ကုန်ချောများ ပိုမိုထုတ်လုပ်တင်ပို့နိုင်ခြင်း အကျိုးကျေးဇူးများရရှိနိုင်မည် ဖြစ်ပါသည်။

ရည်ရွယ်ချက်

၇။ ဤစာတမ်းကို အောက်ဖော်ပြပါ ရည်ရွယ်ချက်များဖြင့် ပြုစုတင်ပြရခြင်းဖြစ်ပါသည်-

(၁) နှမ်းနှင့် ပဲပုပ်သီးနှံများ၏ လက်ရှိစိုက်ပျိုးထုတ်လုပ်မှုနှင့် ပြည်တွင်းဆီဖူလုံမှုအပေါ် အထောက်အကူပြုနိုင်သည့် ပမာဏကို ရှင်းလင်းတင်ပြရန်၊

(၂) နှမ်းနှင့် ပဲပုပ် ပန်းတိုင်အထွက်နှုန်း ထွက်ရှိရေးအတွက် အဟန့်အတားဖြစ်စေသည့် အချက်များကို လေ့လာဖော်ထုတ်ရန်၊

(၃) စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် ဆောင်ရွက်သင့်သည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ အကြံပြုတင်ပြရန်။

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် နှမ်းနှင့် ပဲပုပ် သီးနှံများ စိုက်ပျိုးထုတ်လုပ်မှုနှင့် ဆီဖူလုံမှု

၈။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နှမ်းသီးနှံ စိုက်ပျိုးထုတ်လုပ်ရာတွင် မိုး၊ ဆောင်း၊ နွေ သုံးရာသီ စိုက်ပျိုးပြီး စိုက်ဧက ၄ ဒသမ ၁ သန်းကျော်၊ ရိတ်သိမ်းဧက ၄ သန်းကျော်၊ တစ်ဧက အထွက်နှုန်း ၁၀ ဒသမ ၂၁ တင်းနှုန်းဖြင့် တင်းပေါင်း ၄၁ ဒသမ ၅ သန်းကျော် ထွက်ရှိခဲ့ပါသည်။ ပဲပုပ်ကို မိုးနှင့် ဆောင်းတွင် စိုက်ပျိုးပြီး စိုက်ဧက ၄ သိန်းကျော်၊ ရိတ်ဧက ၄ သိန်းကျော်၊ တစ်ဧက အထွက်နှုန်း ၂၀ ဒသမ ၁၃ တင်းနှုန်းဖြင့် တင်းပေါင်း ၈ ဒသမ ၇ သန်း ထွက်ရှိခဲ့ပါသည်။ ဆီကြိတ်ပဲပုပ်အနေဖြင့် မိုးနှင့် ဆောင်းတွင် နှစ်ရာသီစုစုပေါင်း စိုက်ဧက ၁ သိန်း ၇ သောင်းကျော်၊ ရိတ်ဧက ၁ သိန်း ၇ သောင်းကျော်၊ တစ်ဧကအထွက်နှုန်း ၁၇ ဒသမ ၂၈ တင်းနှုန်းဖြင့် တင်းပေါင်း ၃ သန်းကျော်ထွက်ရှိခဲ့ပါသည်။

၉။ လူဦးရေ၁၁ သန်းကျော်အတွက် လူတစ်ဦးလျှင် တစ်နှစ်ဆီစားသုံးမှု ၆ ပိဿာနှုန်းဖြင့် တွက်ချက်ပါက ဆီတန်ချိန် ၅ သိန်းကျော် လိုအပ်မည်ဖြစ်ပါသည်။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် စိုက်ပျိုးထုတ်လုပ်မှုမှ နှမ်းသီးနှံအနေဖြင့် ဆီဖူလုံမှု ၇၄ ရာခိုင်နှုန်းနှင့် ဆီကြိတ်ပဲပုပ်အနေဖြင့် ဆီဖူလုံမှု ၃ ရာခိုင်နှုန်းကို လွှမ်းခြုံနိုင်ကြောင်း တွက်ချက်ရရှိပါသည်။ ကြိတ်ဖတ်အနေဖြင့် နှမ်းဖတ်တန်ချိန် ၄ သိန်း ၆ သောင်းကျော်နှင့် ပဲပုပ်ဖတ်တန်ချိန် ၇ သောင်းခန့်ထွက်ရှိကြောင်း တွက်ချက်ရရှိပါသည်။

နှမ်းနှင့် ပဲပုပ် တိုးချဲ့ထုတ်လုပ်ရာတွင် ကြုံတွေ့နိုင်သည့် အဟန့်အတားများ

၁၀။ နှမ်းသီးနှံ တိုးချဲ့စိုက်ပျိုးရာတွင် အောက်ပါအခက်အခဲများကို ကြုံတွေ့ရနိုင်ပါသည်-

(က) အထွက်ကောင်းမျိုးများကို နှမ်းစိုက်တောင်သူများအားလုံးအတွက်လုံလောက်စွာ ဖြန့်ဖြူးပေးနိုင်ရန် လိုအပ်ခြင်း၊

(ခ) စနစ်တကျနှမ်းစိုက်ပျိုးထုတ်လုပ်မှုနှင့် ရိတ်သိမ်းချိန်လွန် နည်းပညာများကို တောင်သူအားလုံးမှ လိုက်နာဆောင်ရွက်ရန် လိုအပ်ခြင်း၊

(ဂ) သီးညှပ်စိုက်ပျိုးခြင်း၊ ကြဲပက်စိုက်ပျိုးခြင်းနှင့် နှမ်းမှုန်းရာတွင် စနစ်တကျ မဆောင်ရွက်ခြင်းတို့ကြောင့် နှမ်းသီးနှံ တစ်ဧကသတ်မှတ်အပင်ဦးရေ ၁ သိန်းကျော်ဝင်ဆံ့အောင် စိုက်ပျိုးနိုင်မှုမရှိခြင်း သို့မဟုတ် အပင်ကျပ်ခြင်းတို့ကြောင့် အထွက်လျော့နည်းခြင်း၊

(ဃ) စုပ်ပိုးကာကွယ်နှိမ်နင်းမှု အားနည်း၍ နှမ်းပွင့်သီးချိန်တွင် နှမ်းဖိုရောဂါ ကျရောက်ခြင်းကြောင့် အထွက်လျော့နည်းခြင်း၊

(င) နှမ်းစိုက်ဧရိယာအများစုသည် မိုးကောင်းသောက်ဒေသများတွင်ဖြစ်၍ နှမ်းသီးနှံရေလိုအပ်ချိန်တွင် ဖြည့်စွက်ရေပေးသွင်းနိုင်မှု မရှိခြင်းနှင့် ဓာတ်မြေဩဇာထည့်သွင်း စိုက်ပျိုးမှုမရှိခြင်း၊

(စ) ပြောင်းလဲလာသည့် ရာသီဥတုအခြေအနေများကြောင့် ပန်းပွင့်ချိန်တွင် မိုးခေါင်ခြင်းနှင့် မိုးများလွန်းခြင်းနှင့် ရိတ်သိမ်းချိန်တွင် မိုးများခြင်းကြောင့် သီးနှံအထွက် လျော့နည်းခြင်း၊

(ဆ) နှမ်းစိုက်ခင်းများတွင် ရေနုတ်မြောင်းတူးဖော် သည့် အလေ့အထနည်းပါးခြင်း၊ ပေါင်ဖြင့် စိုက်ပျိုးမှုမရှိခြင်းတို့ကြောင့် မိုးများသည့်ဒဏ်ကို ခံနိုင်ရည်နည်းခြင်းနှင့် နှမ်းရိုးမည်း ရောဂါကျရောက်ခြင်း၊

(ဇ) စက်မှုလယ်ယာစနစ်ကျင့်သုံးမှုအားနည်းခြင်းနှင့် လုပ်သားရှားပါးခြင်းကြောင့် ရိတ်သိမ်းချိန် လေလွင့်မှုများခြင်း၊

(ဈ) နှမ်းရိတ်ပြီး ပုံထားသည့် အလေ့အထကြောင့် နှမ်းအရည်အသွေးကျဆင်းပြီး ဈေးကောင်း မရရှိနိုင်ခြင်း၊

(ည) အထက်ပါအချက်များနှင့် ပတ်သက်၍ တောင်သူများအား ပညာပေးမည့် စိုက်ပျိုးပညာပေး ဝန်ထမ်းအရေအတွက် ကန့်သတ်ချက်ရှိနေခြင်း၊

(ဋ) ကန်ထရိုက်လယ်ယာစနစ် ကျင့်သုံးမှု အားနည်းခြင်း၊

(ဌ) စိုက်ပျိုးထုတ်လုပ်မှုစရိတ် သုံးစွဲမှု ကန့်သတ်ချက်များ ရှိနေခြင်း၊

(ဍ) တောင်သူအများစုမှာ စီးပွားဖြစ်စိုက်ပျိုးခြင်းထက် သွင်းအားစုအနည်းဆုံးဖြင့် မိသားစု ဆီဖူလုံမှုအတွက်သာ နှမ်းသီးနှံကို စိုက်ပျိုးကြခြင်းကြောင့် တစ်ဧကအထွက်နှုန်း နည်းပါးရခြင်း။

၁၁။ ပဲပုပ်သီးနှံ တိုးချဲ့စိုက်ပျိုးရာတွင် အောက်ပါအဟန့်အတားများကို ကြုံတွေ့ရနိုင်ပါသည်-

(က) ပဲပုပ်သည် အမယ်သစ် ဆီထွက်သီးနှံဖြစ်၍ စိုက်ဧရိယာနှင့် အထွက်နှုန်းနှစ်မျိုးလုံး တိုးတက်ရေးဆောင်ရွက်ရန် လိုအပ်နေသေးခြင်း၊ စာမျက်နှာ ၂၈ သို့

စာမျက်နှာ ၂၇ မှအဆက်

(ခ) တိုးချဲ့စိုက်ပျိုးလိုသည့် ဆီထွက်ပဲပုပ်မျိုးများ လုံလောက်စွာ ထုတ်လုပ်ပေးရန် လိုအပ်ခြင်း၊

(ဂ) အရည်အသွေးမြင့်ပြီး အထွက်ကောင်းသော မျိုးစေ့များကို တောင်သူများ အလွယ်တကူဝယ်ယူရရှိရန် ခက်ခဲခြင်း၊

(ဃ) တစ်ဧက အထွက်နှုန်းတိုးတက်ရန် စနစ်တကျ ပဲပုပ်စိုက်ပျိုးနည်းစနစ်များ၊ ပိုးမွှားရောဂါ ကာကွယ်နိမ့်နင်းနည်းများကို တောင်သူများ လိုက်နာဆောင်ရွက်ရန် လိုအပ်ခြင်း၊

(င) သွင်းအားစု သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများကို စနစ်တကျ ထည့်သွင်းရန် လိုအပ်ခြင်း၊

(စ) မိုးပဲပုပ်စိုက်ပျိုးရာတွင် ရိတ်သိမ်းပြီးချိန်၌ အမိုးအကာအောက်တွင် ထားရှိရန် အခက်အခဲရှိခြင်း၊

(ဆ) စိုက်ပျိုးချိန် သို့မဟုတ် ပန်းပွင့်ချိန်တွင် ရေဝပ် ခြင်း၊ မိုးခေါင်ခြင်း၊ မိုးလွန်မှုနှင့် အပူချိန်လွန်ကဲခြင်းတို့ကြောင့် သီးပွင့်မှုနည်းပါးသွားခြင်း၊ ရာသီမရွေး မိုးရွာသွန်းမှုကြောင့် အထွက်နှုန်းနှင့် အရည်အသွေးကျဆင်းရခြင်း၊

(ဇ) ဆောင်းပဲပုပ်စိုက်ပျိုးရာတွင် ရေလိုအပ်ချိန်၌ ရေပေးသွင်းနိုင်ရန် လိုအပ်ခြင်း၊

(ဈ) စက်မှုလယ်ယာစနစ်ကျင့်သုံးမှုအားနည်းခြင်းနှင့် လုပ်သားရှားပါးခြင်းကြောင့် ရိတ်သိမ်းချိန် လေလွင့်မှုများခြင်း၊

(ည) ယင်ဖြူ၊ ပဲပုပ်သံချေးရောဂါ (Rust) နှင့် ဗိုင်းရပ်စ်ရောဂါများ ပျံ့နှံ့ကျရောက်မှုကြောင့် အထွက်နှုန်းပျက်စီးရခြင်း၊

(ဋ) ပဲပုပ်သီးနှံသည် နိုက်ထရိုဂျင်နှင့် ဖော့စဖရပ်စ်ဓာတ် လုံလောက်စွာရရှိရန် လိုအပ်ပြီး စိုက်ပျိုးမြေတွင် သဘာဝ အဏုဇီဝ (ဆီဇိုဗီယမ်) နည်းပါးပါက ပန်းပွင့်သီးကင်း ဝင်ရောက်မှုနည်းခြင်း၊

(ဌ) အထက်ပါအချက်များနှင့် ပတ်သက်၍ တောင်သူများအား ပညာပေးမည့် စိုက်ပျိုးပညာပေး ဝန်ထမ်းအရေအတွက် ကန့်သတ်ချက်ရှိနေခြင်း၊

(ဍ) ကန်ထရိုက်လယ်ယာစနစ် ကျင့်သုံးမှု အားနည်းခြင်း၊

(ဎ) စိုက်ပျိုးထုတ်လုပ်မှုစရိတ် သုံးစွဲမှု ကန့်သတ်ချက်များရှိနေခြင်း၊

(ဏ) ပြည်ပမှ တင်သွင်းသော ပဲပုပ်ဆီ/ပဲကြိတ်ဖတ်စေးနှုန်းများနှင့် ပြည်တွင်းပွဲရုံစေးနှုန်းများ အပြောင်းအလဲရှိခြင်း။

နှမ်းနှင့်ပဲပုပ် တိုးချဲ့ထုတ်လုပ်ရာတွင် ဆောင်ရွက်ရန်အချက်များ

၁၂။ နှမ်းသီးနှံ ထုတ်လုပ်မှု တိုးတက်ရန်အတွက် အောက်ဖော်ပြပါလုပ်ငန်းများကို ဆောင်ရွက်ရန် လိုအပ်ပါမည်-

(က) မိသားစုဖူလုံမှုအတွက်သာ နှမ်းစိုက်ပျိုးသော တောင်သူများအား စီးပွားဖြစ် စိုက်ပျိုးနိုင်ရန် ကူညီဆောင်ရွက်ပေးခြင်း၊

(ခ) ဒေသမျိုးများအစား ဒေသနှင့်ကိုက်ညီသည့် အထွက်ကောင်းမျိုးများဖြင့် အစားထိုး ဆောင်ရွက်ပေးခြင်း၊

(ဂ) မြေတွင်းအစိုဓာတ်ထိန်းသည့် နည်းလမ်းများ အသုံးပြုစိုက်ပျိုးနိုင်ရန် ပညာပေးခြင်း၊ တောင်သူစိုက်ခင်းများတွင် ရေပြေးစီမံကိန်းများဖြင့် လက်တွေ့ဆောင်ရွက်ပြသခြင်း၊

(ဃ) စိုက်ခင်းတွင်း မိုးရေစုဆောင်းသော နည်းလမ်းများဖြင့် ရွာသွန်းသောမိုးရေကို စိုက်ခင်းအောက် မြေဆီလွှာထဲတွင် ထိန်းသိမ်းသိုလှောင်နိုင်သည့် နည်းလမ်းများကို လိုက်နာဆောင်ရွက်စေခြင်း၊

(င) သီးနှံထွက်ကုန်များ အရည်အသွေးပြည့်မီရေးအတွက် ရိတ်သိမ်းချိန်လွန် နည်းပညာများနှင့် သီးနှံအရည်အသွေးထိန်းသိမ်းရေး၊ စံချိန်စံညွှန်းများကို တောင်သူများ သိရှိနားလည်စေရန် ပညာပေးခြင်း၊

(စ) နည်းပညာ၊ သွင်းအားစုနှင့် ဈေးကွက်ချိတ်ဆက်မှုတို့ကို အတူတကွ ဆောင်ရွက်နိုင်မည့် ကန်ထရိုက်လယ်ယာစနစ် ဖွံ့ဖြိုးတိုးတက်လာစေရန် ကူညီပေးခြင်း။

၁၃။ ပဲပုပ်သီးနှံ ထုတ်လုပ်မှုတိုးတက်ရန်အတွက် အောက်ဖော်ပြပါလုပ်ငန်းများကို ဆောင်ရွက်ရန် လိုအပ်ပါမည်-

(က) ဆီထွက်ပဲပုပ်စိုက်ဧရိယာ တိုးချဲ့နိုင်ရန် တောင်သူများအား စည်းရုံးခြင်း၊

(ခ) တိုးချဲ့စိုက်ပျိုးသည့် ဧရိယာများအတွက် မျိုးကောင်းမျိုးသန့် လုံလောက်စွာ ပံ့ပိုးပေးခြင်း၊

(ဂ) သက်တမ်းတိုပြီး ဆီပါဝင်မှု မြင့်မားသော မျိုးများကို တိုးချဲ့သုံးစွဲခြင်း၊

(ဃ) နိုက်ထရိုဂျင် ဖမ်းယူပေးသည့် ရိုင်ဇိုဗီယမ် (Rhizobium) ဇီဝမြေဩဇာဖြင့် မျိုးစေ့လူးနယ်စိုက်ပျိုးရန် ပညာပေးခြင်း၊

(င) စိုက်ခင်းအတွင်း ရေမဝပ်စေရန် ရေထုတ်မြောင်းများ ကြိုတင်ပြုလုပ်ထားပြီး ပန်းပွင့်ချိန်နှင့် အစေ့အဆန်တည်ချိန်တွင် ရေလုံလောက်စွာရရှိအောင် စီမံဆောင်ရွက်ခြင်း၊

(စ) ပိုးသတ်ဆေးအသုံးပြုမှု လျှော့ချပြီး ဘက်စုံ ပိုးမွှားကာကွယ်နည်းစနစ် အသုံးပြုစေခြင်း၊

(ဆ) ရောဂါပိုးမွှားများ၏ သံသရာကို ဖျက်ဆီးရန် စပါး၊ အစေ့ထုတ်ပြောင်း သို့မဟုတ် နှံစား သီးနှံများနှင့် သီးလှည့်စိုက်ပျိုးခြင်း၊

(ဇ) သီးနှံထွက်ကုန်များ အရည်အသွေးပြည့်မီရေးအတွက် ရိတ်သိမ်းချိန်လွန် နည်းပညာများနှင့် သီးနှံအရည်အသွေးထိန်းသိမ်းရေး၊ စံချိန်စံညွှန်းများကို တောင်သူများ သိရှိနားလည်စေရန် ပညာပေးခြင်း၊

(ဈ) နည်းပညာ၊ သွင်းအားစုနှင့် ဈေးကွက်ချိတ်ဆက်မှုတို့ကို အတူတကွဆောင်ရွက်နိုင်မည့် ကန်ထရိုက်လယ်ယာစနစ် ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ခြင်း။

ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့် စပ်လျဉ်းသည့် အကြံပြုချက်

၁၄။ ဆီထွက်သီးနှံ နှမ်းနှင့် ပဲပုပ် တိုးချဲ့ထုတ်လုပ်ရေး အတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်မှ ၂၀၃၁-၂၀၃၂ အထိ (၅) နှစ်စီမံချက်ဖြင့် ဆောင်ရွက်မည်ဆိုပါက အောက်ပါအဆင့်များဖြင့် ဆောင်ရွက်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါသည်-

ခုနှစ်	ဦးစားပေးဆောင်ရွက်သင့်သည့်လုပ်ငန်းများ
၂၀၂၇-၂၀၂၈	ပဲပုပ်မျိုးထုတ်လုပ်ခြင်းဆိုင်ရာသုတေသနလုပ်ငန်းများဆောင်ရွက်ခြင်း၊ မျိုးစေ့ထုတ်လုပ်ခြင်း၊ ပွားများခြင်းနှင့် စမ်းသပ်စိုက်ပျိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ပဲပုပ်စိုက်ဧရိယာတိုးတက်ရန်အတွက် ဝင်ငွေနည်းသည့် သီးနှံများနေရာတွင် အစားထိုးစိုက်ပျိုးနိုင်ရန် တောင်သူများအား စည်းရုံးခြင်းနှင့် သီးထပ်စိုက်ပျိုးနိုင်မည့်ဧရိယာများ ဖော်ထုတ်စိုက်ပျိုးစေခြင်း၊ အထွက်နှုန်းကျဆင်းနေသော နှမ်းမျိုးများအစား အထွက်ကောင်းပြီး ဒေသနှင့်ကိုက်ညီသည့် မျိုးများဖြင့် မျိုးပြောင်းလဲစိုက်ပျိုးစေခြင်း၊ ရာသီဥတုဒဏ်ခံနိုင်ရည်ရှိသည့် မျိုးများကို ရွေးချယ်ခြင်းနှင့် မျိုးထိန်းသိမ်းခြင်း၊ ပဲပုပ်နှင့် နှမ်းကို ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေစွာ စိုက်ပျိုးတတ်စေရန် စိုက်ပျိုးနည်းစနစ်နှင့် ရိတ်သိမ်းချိန်လွန်နည်းပညာများအား ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း။
၂၀၂၈-၂၀၂၉	နှမ်းနှင့် ပဲပုပ်ကို ကန်ထရိုက်စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် မူဝါဒနှင့် စံချိန်စံညွှန်းများကို စိစစ်သုံးသပ်ခြင်းနှင့် လိုအပ်ပါက ပြင်ဆင်ရေးဆွဲခြင်း၊ သီးနှံအာမခံစနစ်ကျင့်သုံးနိုင်ရန် ဆောင်ရွက်ခြင်း၊ ယခင်နှစ်က စတင်ခဲ့သည့် သုတေသနလုပ်ငန်းများ၊ စိုက်ဧရိယာ တိုးချဲ့ရေးလုပ်ငန်းများ၊ မျိုးထုတ်လုပ်ရေးလုပ်ငန်းများနှင့် ပညာပေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခြင်း။
၂၀၂၉-၂၀၃၁	နှမ်းနှင့် ပဲပုပ်ကို ကန်ထရိုက်စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် မူဝါဒနှင့် စံချိန်စံညွှန်းများကို စိစစ်သုံးသပ်ခြင်းနှင့် လိုအပ်ပါက ပြင်ဆင်ရေးဆွဲခြင်း၊ သီးနှံအာမခံစနစ်ကျင့်သုံးနိုင်ရန် ဆောင်ရွက်ခြင်း၊ ဆီထွက်သီးနှံ အထူးဖွံ့ဖြိုးရေးဇုန်များ သတ်မှတ်ခြင်း၊ တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်ခြင်းအတွက် MSME လုပ်ငန်းများနှင့် ညှိနှိုင်းခြင်း၊ ကန်ထရိုက် လယ်ယာစနစ် အကောင်အထည်ဖော်ရန် လုပ်ငန်းရှင်များနှင့် တောင်သူများအား ချိတ်ဆက်ပေးခြင်းဖြင့် ဈေးကွက်နှင့် ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ သုတေသနလုပ်ငန်းများ၊ စိုက်ဧရိယာတိုးချဲ့ရေးလုပ်ငန်းများ၊ မျိုးထုတ်လုပ်ရေးလုပ်ငန်းများနှင့် ပညာပေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခြင်း။
၂၀၃၁-၂၀၃၂	ဆီထွက်သီးနှံ အထူးဖွံ့ဖြိုးရေးဇုန်များ အကောင်အထည်ဖော်ခြင်း၊ ဆီနှင့်ကြိတ်ဖတ်တင်သွင်းမှုအစား ပြည်တွင်းတွင်ထုတ်လုပ်သည့် ဆီနှင့်ကြိတ်ဖတ်များဖြင့် အစားထိုးသုံးစွဲခြင်းနှင့် ပြည်ပတင်ပို့ခြင်းမူဝါဒနှင့် ဆီကြိတ်စက်များနှင့် MSME လုပ်ငန်းများအတွက် ငွေကြေးဝန်ဆောင်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာမူဝါဒများ ချမှတ်ခြင်း၊ မျိုးထုတ်လုပ်ရေးလုပ်ငန်းများနှင့် ပညာပေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခြင်း။

သုံးသပ်ချက်

၁၅။ နှမ်းနှင့် ပဲပုပ်သီးနှံကို တိုးချဲ့ထုတ်လုပ်ခြင်းဖြင့် ပြည်တွင်းဆီလိုအပ်ချက်၊ တိရစ္ဆာန်အစာ လိုအပ်ချက်၊ အခြားစားသုံးမှုများနှင့် စားသောက်ကုန် ထုတ်လုပ်သည့်လုပ်ငန်းများအနေဖြင့် ပြည်တွင်းတွင်ထွက်ရှိသည့် ကုန်ကြမ်းကို လုံလောက်စွာ သုံးစွဲနိုင်ခြင်းနှင့် ပို့လျှံသည့်ပမာဏကို ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံ့ဝင်ငွေတိုးတက်ခြင်း အကျိုးရလဒ်များကို ရရှိနိုင်မည်ဖြစ်ပါသည်။ နှမ်းသီးနှံ တိုးချဲ့ထုတ်လုပ်ရာတွင် စိုက်ဧရိယာ တိုးချဲ့ခြင်းအစား တစ်ဧက အထွက်နှုန်း တိုးတက်စေခြင်းဖြင့် ဦးစားပေးဆောင်ရွက်သင့်ပါသည်။ တစ်ဧကအထွက်နှုန်း တိုးတက်ရေးအတွက် နှမ်းစိုက်တောင်သူများ၏ အားထုတ်မှုသည် အဓိကကျသော်လည်း တောင်သူများ လိုအပ်သည့် မျိုး၊ သွင်းအားစုများ၊ စိုက်ပျိုးရေး၊ စိုက်ပျိုးနည်းစနစ်၊ ထုတ်ကုန်အတွက် ဈေးကွက်၊ တောင်သူများ စီးပွားရေး တွက်ခြေကိုက်မည့် သီးနှံဈေးနှုန်းနှင့် လုပ်သားကိုင်သာရှိစေမည့်အခြေအနေများ လိုအပ်သော်လည်း စိုက်ပျိုးသူ တောင်သူများအတွက် ပဲပုပ်စိုက်ပျိုးသည် နည်းတူ ပဲပုပ်စိုက်ပျိုးသူ တောင်သူများအတွက်လည်း မျိုး၊ သွင်းအားစုများ၊ စိုက်ပျိုးရေး၊ စိုက်ပျိုးနည်းစနစ်၊ ထုတ်ကုန်အတွက် ဈေးကွက်၊ တောင်သူများ စီးပွားရေး တွက်ခြေကိုက်မည့် သီးနှံဈေးနှုန်းနှင့် လုပ်သားကိုင်သာရှိစေမည့်အခြေအနေများ လိုအပ်မည်ဖြစ်သဖြင့် နိုင်ငံတော်၏မူဝါဒဆိုင်ရာ ပံ့ပိုးမှု၊ ကြီးကြပ်လမ်းညွှန်မှုနှင့် သီးနှံတန်ဖိုးကွင်းဆက်တွင် ပါဝင်သူအားလုံးက မိမိတို့သက်ဆိုင်ရာကဏ္ဍမှ တောင်သူများနှင့် ချိတ်ဆက်မှုကောင်းစွာ ဝိုင်းဝန်းညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် အရည်အသွေးကောင်းမွန်သော သီးနှံများတိုးချဲ့ထုတ်လုပ်ခြင်းကို အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

နိဂုံး

၁၆။ ပြည်တွင်းစားသုံးဆီဖူလုံစေရန်နှင့် ပြည်ပတင်ပို့မှု တိုးတက်ရန် ရည်မှန်းချက်ပြည့်မီရေးအတွက် ဆီထွက်သီးနှံများကို ထုတ်လုပ်မှုတိုးချဲ့ခြင်းဖြင့် ဆောင်ရွက်ရာ၌ ထုတ်လုပ်မှုပမာဏသာမက ထုတ်ကုန်အရည်အသွေးကောင်းမွန်ရေးကိုလည်း ထုတ်လုပ်မှုအဆင့်တိုင်းတွင် ထည့်သွင်းစဉ်းစား ဆောင်ရွက်ခြင်းဖြင့် ပြည်တွင်းဆီထွက်သီးနှံကဏ္ဍ၏ ယှဉ်ပြိုင်နိုင်စွမ်း မြင့်မားလာကာ တောင်သူများ ဝင်ငွေတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိရေး၊ အာဟာရဖူလုံရေးနှင့် စိုက်ပျိုးစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတို့ကို ရေရှည်အထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။ ။

❖ ❖ ❖

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် နိဝင်ဘာ ၇

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နိုဝင်ဘာ ၆ ရက် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် ''@uzawl win 731'' Tiktok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် မင်းကုန်းကျေးရွာနေ ဇော်လွင်ကို မွန်းလွဲ ၁၂ နာရီ ၅ မိနစ်တွင် စကားအင်းအမြန်လမ်းမကြီး ရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

ဆင်ခြေလျှောမြေသားနိမ့်ကျမှုဖြစ်ပွားခဲ့သည့် မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံမှ သိုလှောင်ရေများ ဆက်လက်လျှော့ချ ပတ်ဝန်းကျင်ကျေးရွာများ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် နိဝင်ဘာ ၇

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ၏ဆင်ခြေလျှောနိမ့်ကျမှုကို ပြန်လည်ပြုပြင်ခြင်းများဆောင်ရွက်ပြီး ရေလှောင်တမံရေပြင်၏ နိမ့်မြင့်အမှတ် ၃၁၅ ပေမှ သိုလှောင်ရေလျှော့ချနိုင်ရန် တမံ၏အရေးပေါ်ရေပို့လွှဲမှ ရေထုတ်လွှတ်လျက်ရှိရာ ယနေ့ည နေပိုင်းတွင် တမံရှိရေ ၂၉၄ ဒသမ ၇၀ ပေသာကျန်ရှိတော့သဖြင့် ၂၀ ဒသမ ၃၀ ပေခန့် ရေထုတ်လွှတ်လျှော့ချပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် အဆိုပါ တမံဆင်ခြေလျှောနိမ့်ကျမှုဖြစ်ပွားသည့် နေရာအနီးရှိ ကျေးရွာများမှ ဒေသခံပြည်သူများကို လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် လိုအပ်သည့် ကူညီဆောင်ရွက်မှုများကို နယ်မြေခံတပ်မတော်သားများနှင့် ဒေသခံပြည်သူများပူးပေါင်း၍ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(၅၀၁)**

အနောက်တောင်တိုင်း စစ်ဌာနချုပ်မှ နယ်မြေခံ တပ်မတော်သားများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



✱ ရွှေကုက္ကိုလ်နယ်မြေမှ

ဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါ အဆောက်အအုံများ အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် (၅)ထပ်အဆောက်အအုံ(၁)လုံး



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် အဆောက်အအုံများကို စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှုနေရာပြမြေပုံ။





ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ခြောက်ထပ် အဆောက်အအုံကို မဖြိုဖျက်မီ တွေ့ရစဉ်။

◆ ဘော်လီဘောပြိုင်ပွဲမှ

အားကစားရုံ(B)၌ ဆက်လက်ကျင်းပသည်။

အဆိုပါ ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘော အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည် ပွဲစဉ်ယှဉ်ပြိုင်ကစားနေမှုများကို အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးရဲမြင့်ထွန်း၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦး၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အရာထမ်း၊ အမှုထမ်းများ၊ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့ ဝန်ကြီးဌာနပေါင်းစုံဘော်လီဘောပြိုင်ပွဲ အမျိုးသားပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် ပညာရေးဝန်ကြီးဌာန အသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက သုံးပွဲပြတ်လည်းကောင်း၊ အားကစားရေးရာဝန်ကြီးဌာနအသင်းနှင့် သာသနာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အားကစားရေးရာဝန်ကြီးဌာနအသင်းက သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းက သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အသင်းက သုံးပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ဆက်လက်၍ အမျိုးသမီးပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်အဖြစ် ပညာရေးဝန်ကြီးဌာနအသင်းနှင့် ကျန်းမာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပညာရေးဝန်ကြီးဌာနအသင်းက သုံးပွဲပြတ်ဖြင့် ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

၂၀၂၆ ခုနှစ် နိဝင်ဘာ ၈ ရက်**(ယနေ့)** နံနက် ၉ နာရီမှစတင်၍ အမျိုးသား အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် အမျိုးသား စီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနအသင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်းနှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်း၊ ကာကွယ်ရေးဝန်ကြီးဌာန အသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန အသင်း၊ ကျန်းမာရေးဝန်ကြီးဌာန အသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန အသင်း၊ အမျိုးသမီးအုပ်စုပတ်လည် ပွဲစဉ်များ ဖျက်ဆီးလျက်ရှိသည့် ခြောက်ထပ် အဆောက်အအုံ တစ်လုံးကို ယနေ့ထိ ၉၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ငါးထပ်အဆောက်အအုံ တစ်လုံးကို ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာ ယနေ့ထိ ၃၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန်အဆောက်အအုံ ၆၃ လုံးကို ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ၊ ဖောက်ခွဲ၍ဖြိုချဖျက်ဆီးမည့် အဆောက်အအုံနှင့် လူနေအိမ်များနှင့်မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်း ဖြိုချဖျက်ဆီးမည့် အဆောက်အအုံဟူ၍ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးလျက်ရှိရာ ဖောက်ခွဲ၍ ဖြိုချမည့်အဆောက်အအုံ လေးလုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ငါးလုံး၊ စုစုပေါင်း အဆောက်အအုံ ကိုးလုံးတို့ကို စနစ်တကျ ဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်ပြီး ကျန်ရှိသည့် တရားမဝင်အဆောက်အအုံ ၅၄ လုံးကိုလည်း စနစ်တကျ ဆက်လက်ဖြိုချ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(၅၀၁)**

၂၀၂၆ ခုနှစ် နိဝင်ဘာ ၇ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်း ၇၁၀၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

(၈၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲ စာမူများဖိတ်ခေါ်ခြင်း

၁။ ၂၀၂၇ ခုနှစ်၊ (၈၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသောဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက်သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့်အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူလက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်းရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများဖြစ်ရမည်။

(ဃ) အသံသွင်းပြီး သီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန်အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) မြန်မာဂန္ဓဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့်ကဗျာ(ဝါသနာရှင်အဆင့်)နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ)ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်း/ ဝါသနာရှင်) စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန်ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြားသတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက်မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသောလက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu font စာလုံးအရွယ်အစား ၁၃)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်းဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၁,၀၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၈၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၇၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၆၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၅၀၀,၀၀၀	ကျပ်

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၁,၀၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၈၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၇၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၆၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၅၀၀,၀၀၀	ကျပ်

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၅၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၄၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၁၀၀,၀၀၀	ကျပ်

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၅၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၄၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၁၀၀,၀၀၀	ကျပ်

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၅၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၄၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၁၅၀,၀၀၀	ကျပ်

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၅၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၄၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၁၅၀,၀၀၀	ကျပ်

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၅၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၄၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၁၅၀,၀၀၀	ကျပ်

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၁,၀၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၇၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၆၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၅၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၄၀၀,၀၀၀	ကျပ်

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲကျင်းပရေးကော်မတီ





ပျောက်ဆုံးကြောင်း

သဃ်နိုးကျွန်းမြို့နယ်၊ ရန်အောင်ရပ်ကွက်နေ ပြည့်မင်းအံ့ (ဘ) ဦးမြင့်စန်း(၁၂/မရက(နိုင်)၁၀၅၃၃၁)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-772219117

ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ 65 C လမ်း၊ 119–120 လမ်းကြား၊ အိမ်နံပါတ်(၁၇)နေ စိုင်းတင်မင်းထွန်း (ဘ) ဦးရှောက်ဆော် (ခ) ရှောက်စော (၁၃/လရန(နိုင်)၁၈၆၈၈၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-681182934

ဖခင်အမည်မှန်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ Future ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-5 တွင် ပညာသင်ကြားနေသော မမြတ်သဒ္ဓါအောင်၏ ဖခင်အမည်မှန်မှာ **ဦးအမ်ဇော်မော်အောင်** ဖြစ်ပါကြောင်း။

ဦးအမ်ဇော်မော်အောင်(၉/မကန(နိုင်)၀၀၁၁၆၁)

ပျောက်ဆုံးကြောင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်မြို့၊ စွမ်စော်ရပ်ကွက်နေ ဖွေးဖွေး (ဘ) ဦး၀မ်ချောက်စင်း(၁၃/တကန(နိုင်)၃၇၆၂၄၉)၏ နိုင်ငံကူးလက်မှတ်အမှတ်(MH-682239)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-785297178

အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ မြစ်ငယ်မြို့၊ လူစီးတွဲနှင့် ကုန်တွဲစက်ရုံ(မြစ်ငယ်)တွင် တာဝန်ထမ်းဆောင်နေသော (ဘ) ဦးဒါမိုသာရမ်း၏သား ဦးနေလင်းအောင်၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ **ဦးအောင်အောင်** ဖြစ်ပါကြောင်း။

ဦးအောင်အောင်(၉/အမရ(နိုင်)၁၄၄၈၈၄)

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပထာမစီစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် ဖျက်ဖြင့်သက်သေ၊ စာရွက်စာတမ်း၊ စာတံပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေဖျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ စေယျဒွာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၄၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm
Website Address – http://www.accm.gov.mm

မီးဘေးဥပဒေနှင့်ရှောင်ရှားသင့်သည့်အချက်များ



❖ နိုင်ငံတော်ရှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ဂုဒ နှစ်မြောက် ကရင်ပြည်နယ်နေ့အခမ်းအနား တက်ရောက်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာသီရိသုခမ္မ ဦးမင်းအောင်လှိုင် ထံမှ ၂၀၂၆ ခုနှစ် ဂုဒ နှစ်မြောက် ကရင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကို ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ဖတ်ကြားစဉ်။

ဘားအံ နိုဝင်ဘာ ၇

ကရင်တိုင်းရင်းသားလူမျိုးတို့၏နေ့ထူးနေ့မြတ်ဖြစ်သည့် ဂုဒ နှစ်မြောက် ကရင်ပြည်နယ်နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံးရှေ့မြက်ခင်းပြင်၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး တက်ရောက်သည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးအောင်ကျော်ဟိုး၊ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ ဦးသန်းမောင်၊ ဦးခင်မောင်စိုး၊ ဦးမျိုးဇော်သိမ်း၊ ဒေါက်တာချာလီသန်း၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း၊ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့မှ လွှတ်တော်ဥက္ကဋ္ဌများ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီး၊ ပြည်ထောင်စုအတိုင်ပင်ခံကောင်စီဝင်များ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊

စာမျက်နှာ ၁၈ ကော်လံ ၁ ☆

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် နိုဝင်ဘာ ၇

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာအနှံ့အပြား၊ မန္တလေးတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲ၊ ကျိန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြိုးနိုင်သည်။ ရွာရန်ရာနှုန်း ပြည့်ဖြစ်သည်။ (မိုး/၈လ)

အိန္ဒိယနိုင်ငံ၌ ကျင်းပသည့် လူသားချင်းစာနာထောက်ထားမှုနှင့် သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးလေ့ကျင့်ခန်း(HADR)သို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ပါဝင်လေ့ကျင့်

နေပြည်တော် နိုဝင်ဘာ ၇

အိန္ဒိယနိုင်ငံ ချန်နိုင်းမြို့ Tamil Nadu and Pudu Cherry Naval Area ၌ Ex Rahat Mitra အမည်ဖြင့် နိုဝင်ဘာ ၅ ရက်မှ ၇ ရက်ထိ ကျင်းပခဲ့သည့် လူသားချင်းစာနာထောက်ထားမှုနှင့်သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးလေ့ကျင့်ခန်း (HADR-2026)၌ မြန်မာ့တပ်မတော်မှ အရာရှိ၊ စစ်သည်များပါဝင်သော ကိုယ်စားလှယ်အဖွဲ့တက်ရောက်၍ ပါဝင်လေ့ကျင့်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကိုယ်စားလှယ်အဖွဲ့သည် လေ့ကျင့်ခန်းတွင်

စာမျက်နှာ ၂၆ ကော်လံ ၁ ❍

အိန္ဒိယနိုင်ငံ၌ ကျင်းပသည့် လူသားချင်းစာနာထောက်ထားမှုနှင့် သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးလေ့ကျင့်ခန်း(HADR)သို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ပါဝင်လေ့ကျင့်စဉ်။





၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘော အမျိုးသား၊ အမျိုးသမီး ပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည် ပွဲစဉ်များ ယှဉ်ပြိုင် ကစားနေမှုကို တွေ့ရစဉ်။

၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘော အမျိုးသား၊အမျိုးသမီး ပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၇

အားကစားရေးရာဝန်ကြီးဌာနက ကြီးမှူးပြီး အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘော အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ

စာမျက်နှာ ၂၉ ကော်လံ ၁ ◆

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများကို စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၇

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာလူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင်လုံးဝပပျောက်သွားစေရေး

စာမျက်နှာ ၂၉ ကော်လံ ၁ ✱



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် ခြောက်ထပ်အဆောက်အအုံကို စက်ယန္တရားဖြင့် စနစ်တကျဖြိုချဖျက်ဆီးနေမှု မှတ်တမ်းဓာတ်ပုံ။